# အကြောင်းအရာ အနှစ်ချုပ်

**The Critical Ecosystem Partnership Fund (CEPF)** သည် ကမ္ဘာပေါ် ရှိ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောနေရာများနှင့် မျိုးသုန်းပျောက်ကွယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည့်နေရာများကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ CEPF သည် l'Agence Française de Développement (AFD)၊ Conservation International (CI)၊ the European Union(EU)၊ Fondation Hans Wilsdorf၊ Global Environment Facility (GEF)၊ the Government of Canada၊ the Government of Japan နှင့် World Bank တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။

CEPF ၏ အဓိက ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများ ဦးစားပေးထိန်းသိမ်းရမည့်နေရာများ (biodiversity hotspots) ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖြစ်သည့် ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များစသည်တို့ဖြင့် ပူးပေါင်းကာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ အဆိုပါ ရည်မှန်းချက်များအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရများနှင့် လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်နှင့် နည်းဗျူဟာများကို ဖြည့်စွက်အထောက်အကူပြုခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ CEPF သည် မတူကွဲပြားသည့်အုပ်စုများနှင့် တစ်ဖွဲ့ခြင်းစီ၏ ထူးခြားသည့်စွမ်းဆောင်ရည်များကို ပေါင်းစပ်ကာ လုပ်ငန်းများ တူညီမှုမရှိစေဘဲ တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို အတူလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်ထားပါသည်။ CEPF ၏ အရေးပါသော လုပ်ဆောင်မှုတစ်ရပ်မှာ ဂေဟစနစ်အခြေအနေ (ecosystem profiles) များကို ပြုစုရေးသားခြင်း ဖြစ်ပါသည်။ ဤ ဂေဟစနစ်အခြေအနေ (ecosystem profiles) များသည် ဆက်စပ်ပတ်သတ်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး အသေးစိတ်ဆွေးနွေးထားသော ဆွေးနွေးမှုရလာဒ်များကို အခြေခံ၍ ၅ နှစ်ကြာ ရင်းနှီးမြှုပ်နှံမည့် နည်းဗျူဟာကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။

ဤဂေဟစနစ်အခြေအနေစာတမ်းသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့ရှိ အဏ္ဏဝါဧရိယာမှအပ ကျန်အင်ဒို-မြန်မာ ဇီဝဆိုင်ရာ အရေးကြီးဒေသ (Indo-Burma Biodiversity Hotspot) ကို ကိုယ်စားပြုထားခြင်းဖြစ်ပါသည်။ ဤအင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသသည် များစွာသော အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ နေရင်းဒေသဖြစ်ပြီး ၎င်းတို့၏ နေထိုင်ကျက်စားရာဒေသများမှာလည်း အနည်းငယ်သာ ကျန်ရှိတော့သည်။ ထို့ကြောင့် ကမ္ဘာပေါ် ရှိ အစားထိုးမရနိုင်သော ဇီဝဆိုင်ရာအရေးကြီးဒေသများ စာရင်း၏ အမှတ်စဉ် ၁၀ တွင်ရှိပြီး ခြိမ်းခြောက်ခံရမှုအဆင့်မှာ အမှတ်စဉ် ၅ နေရာတွင် ရှိနေသည်။ အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသသည် အခြားသော ဇီဝဆိုင်ရာအရေးကြီးဒေသများထက် လူနေထူထပ်ပြီး ကျန်ရှိနေသည့် သဘာဝဂေဟစနစ်များမှာလည်း ကျက်စားနေထိုင်ရာနေရာများ ဆုံးရှုံးခြင်း၊ ပျက်စီးယိုယွင်းလာခြင်း၊ နေရာများ အပိုင်းလိုက်ကွဲ၍ ဆက်စပ်မှု ပျောက်သွားခြင်း (fragmentation)၊ သဘာဝသယံဇာတများအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် ပိုမိုပြင်းထန်ပြီး တိုးပွားလာသော ဖိအားများကို ခံစားနေရပါသည်။

## ဂေဟစနစ်အခြေအနေအား လက်ရှိအခြေအနေနှင့် လျော်ညီစွာ ပြုပြင်ရေးဆွဲခြင်း

CEPF သည် ၂၀၀၃ ခုနှစ်တွင် စတင်ရေးဆွဲကာ ၂၀၁၁ နှင့် ၂၀၂၀ ခုနှစ်များတွင် ပြန်လည်ပြုပြင်ရေးဆွဲထားသော ဂေဟစနစ်အခြေအနေအား လမ်းညွှန်အဖြစ်အသုံးပြုထားပြီး ၂၀၀၈ ခုနှစ် ဇူလိုင်လမှစ၍ အင်ဒို-မြန်မာ ဇီဝဆိုင်ရာ အရေးကြီးဒေသအတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများအား ရန်ပုံငွေများ ပေးအပ်လျက်ရှိပါသည်။ အဆိုပါ ပြန်လည်ပြုပြင်ရေးဆွဲထားသော ဂေဟစနစ်အခြေအနေအား ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊

ကျွမ်းကျင်သူများ၏ အကြံပြုချက်များနှင့် စာပေသုတေသနရလာဒ်များအပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယနေ့အထိ ရန်ပုံငွေ စုစုပေါင်း ၄၂၉ ခုကို ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ဤပံ့ပိုးမှုများဖြင့် CEPF၏ ရန်ပုံငွေရရှိသော အဖွဲ့အစည်းများသည် ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသည့် သစ်တောများ၊ ငါးလုပ်ငန်းနှင့် ထိန်းသိမ်းရေးနယ်မြေများကို မြှင့်တင်ပေးခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် ပူးပေါင်းစီမံခန့်ခွဲမှုစနစ်များ တိုးတက်စေခြင်းဖြင့် အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲရေိယာ ဟက်တာ ၃သန်းကျော်တွင် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုကို အားကောင်းလာစေခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုန်းရန် အန္တရာယ်ရှိသောမျိုးစိတ် ၃၅ မျိုးအတွက် ရေရှည် ထိန်းသိမ်းရေးအစီအစဉ်များကို ရေးဆွဲချမှတ်နိုင်ခဲ့ပြီး အဓိကအုပ်စုများအတွက် အရေအတွက် ကျဆင်းမှုကို လျော့နည်းလာစေကာ အချို့အခြေအနေများတွင် ပြန်လည်မြင့်တက်လာစေခဲ့သည်။ ထို့ပြင် ဒေသခံပြည်သူ ၂၅၀ ကျော်ကို မြေယာပိုင်ဆိုင်မှု တိုးတက်လာစေခြင်း၊ စားနပ်ရိက္ခာ ဖူလုံစေခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများ လက်လှမ်းမှီလာစေခြင်း စသည့် လက်တွေ့ကျသော ကောင်းမွန်သည့် အကျိုးကျေးဇူးများ ပေးအပ်နိုင်ခဲ့ပါသည်။

ဂေဟစနစ်အခြေအနေကို နောက်ဆုံးအကြိမ် ပြန်လည်ပြင်ဆင်ခဲ့သည့်အချိန်မှစ၍ ငါးနှစ်အတွင်း အပြောင်းအလဲများစွာ ဖြစ်ပေါ် ခဲ့ပါသည်။ ထိုအပြောင်းအလဲများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ၎င်းတို့ လုပ်ငန်း လည်ပတ်စဉ်တွင် ကြုံတွေ့ရသည့် နိုင်ငံရေးအခြေအနေများ၊ ဇီဝမျိုးစုံမျိုးကွဲများကို ခြိမ်းခြောက်နေသော အန္တရာယ်များ၏ ပြင်းထန်မှုနှင့် ထိုအန္တရာယ်များကို ဖြစ်ပေါ်စေသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အကြောင်းရင်းများ၊ အစိုးရနှင့် ပုဂ္ဂလိက အလှူရှင်များ၏ ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပုံစံများ စသည်တို့ ပါဝင်ပါသည်။

IUCN Red List တွင် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံရမှု ကြုံတွေ့နေရသည်ဟု သတ်မှတ်ထားသည့် မျိုးစိတ်အရေအတွက်သည် ၇၀ ရာခိုင်နှုန်း တိုးလာခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာ အရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေအနေနှင့်ပတ်သတ်သည့် အသိပညာများမှာလည်း သိသာထင်ရှားစွာ တိုးတက်လာခဲ့ပါသည်။ လာအိုနိုင်ငံမှလွဲ၍ ကျန်နိုင်ငံအားလုံးတို့တွင် သစ်ပင်ဖုံးလွှမ်းဆုံးရှုံးမှု လျော့နည်းလာခဲ့သော်လည်း ကမ္ဘာ့စံနှုန်းများနှင့် နှိုင်းယှဉ်လျှင် မြင့်မားနေဆဲဖြစ်သည်။ အကြောင်းအရင်းမှာ ကမ္ဘောဒီးယားနိုင်ငံ (ကုန်စည်လိုအပ်ချက်) နှင့် မြန်မာနိုင်ငံ (ရွှေ့ပြောင်းတောင်ယာ) တို့မှလွဲ၍ ကျန်နိုင်ငံအားလုံးတို့တွင် စီးပွားဖြစ်သစ်ထုတ်ယူမှုများကြောင့်ဖြစ်သည်။ အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတွင် ဇီဝအရင်းအမြစ်များကို တိုက်ရိုက်ထုတ်ယူသုံးစွဲခြင်း (ဥပမာ- တိရစ္ဆာန်များကို အမဲလိုက်ဖမ်းဆီးခြင်းနှင့်စုဆောင်းခြင်း၊ အပင်များကို စုဆောင်းခြင်းနှင့် ထုတ်ယူခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ငါးဖမ်းခြင်းနှင့် ရေနေမျိုးစိတ်များကိုထုတ်ယူခြင်း)သည် ထိန်းသိမ်းရေးရလာဒ်များအပေါ် အကြီးမားဆုံး ခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်ပြီး ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ မျိုးသုန်းရန်အန္တရာယ်ရှိသောမျိုးစိတ် အရေအတွက်အများဆုံးကို ထိခိုက် စေနိုင်သည့် ခြိမ်းခြောက်မှုလည်းဖြစ်သည်။ ဤကဲ့သို့ ကျက်စားရာနေရာများဆုံးရှုံးခြင်းနှင့်  အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းများသည် အပင်နှင့်တိရစ္ဆာန် ဦးရေအပေါ်  သက်ရောက်မှုဖိအားများ ပိုမိုများပြားလာစေခဲ့သည်။

ယခုအခါတွင် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတစ်လျှောက်၌ မျက်ဝါးထင်ထင်တွေ့မြင်နေရသော ရာသီဥတု ပြောင်းလဲခြင်း၏ သက်ရောက်မှုများ (ဥပမာ- ပျမ်းမျှအပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ဖြစ်ပွားနှုန်းပိုမိုမြင့်တက်လာသည့် ပြင်းထန်သည့် ရာသီဥတုအခြေအနေ) သည် ကျက်စားရာနေရာများလျော့နည်းလာခြင်း၊ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ညစ်ညမ်းခြင်းများကဲ့သို့သော မူလရှိပြီးသား ဖိအားများကို ပိုမိုအားကောင်းလာစေကာ ဇီဝမျိုးစုံမျိုးကွဲ၊ အသက်မွေးဝမ်းကျောင်းများနှင့် ဒေသတွင်း တည်ငြိမ်မှုတို့အပေါ် အဓိကသက်ရောက်မှုများရှိသည့် ပေါင်းစည်းထားသော သဘာဝပတ်ဝန်းကျင် အကျပ်အတည်းကို ဖြစ်ပေါ်စေပါသည်။ ဤဇီဝဆိုင်ရာအရေးကြီးဒေသ

(Hotspot) တွင် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် သဘာဝအရင်းအမြစ်များအပေါ် အလွန်အမင်း မှီခိုနေရခြင်းများသည် ရာသီဥတုဆိုင်ရာ ထိခိုက်မှုများအပေါ် ခံစားရမှုကို မြင့်တက်စေပြီး တစ်ဆက်တည်းမှာပင် သစ်တောများပြုန်းတီးခြင်းနှင့် မြေယာပြောင်းလဲအသုံးချမှုများကလည်း ဂေဟစနစ်များ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ကို အဟန့်အတား ဖြစ်စေပါသည်။ ဇီဝဆိုင်ရာအရေးကြီးဒေသ (Hotspot)ရှိ နိုင်ငံအားလုံးတို့တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်များချမှတ်ထားပြီးဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းခြင်း၊ ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက် လုံလောက်သော ပေါင်းစပ်ထည့်သွင်းရေးဆွဲမှုမရှိခြင်း စသည်တို့ကြောင့် ထိရောက်မှုများမှာ အကန့်အသတ် ရှိနေဆဲဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက်  ရန်ပုံငွေမှာ မညီမျှစွာ ပြောင်းလဲလာခဲ့ပါသည်။ နိုင်ငံအစိုးရများသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လာခဲ့သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေများသည် အဓိကအားဖြင့် အလှူရှင်ကြီးများနှင့် အစိုးရအစီအစဉ်များအောက်တွင်သာ ရှိနေပြီး ဒေသခံအဖွဲ့အစည်းများသို့ တိုက်ရိုက်ပံ့ပိုးမှုများမှာ အကန့်အသတ်ရှိနေဆဲဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ သုတေသန အဖွဲ့အစည်းများသည် စည်းမျဉ်းကန့်သတ်ချက်များနှင့် နိုင်ငံတကာရန်ပုံငွေ ရရှိမှု လျော့နည်းလာခြင်းများကို ဆက်လက်ကြုံတွေ့နေရပြီး အုပ်ချုပ်မှု၊ အခွင့်အရေးနှင့် တာဝန်ခံမှုဆိုင်ရာ ကွာဟချက်ကို ဖြေရှင်းရာတွင် ဖြေရှင်းနိုင်စွမ်းကို အကန့်အသတ်ဖြစ်စေပါသည်။ သို့သော်လည်း ၎င်းတို့သည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဆင်းရဲနွမ်းပါးမှုအခြေအနေတို့ ပေါင်းဆုံသည့် ကျေးလက်နှင့် ဌာနေတိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် ရပ်ရွာအခြေပြုထိန်းသိမ်းရေးလုပ်ငန်းများ၊ မူဝါဒပြန်လည်ရေးဆွဲခြင်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်ရေး စသည်တို့ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ရှိနေပါသည်။ ရေရှည်တည်တံ့သော ထိန်းသိမ်းရေး ရလာဒ်များ ရရှိစေရန် အားလုံးပါဝင်နိုင်သောအုပ်ချုပ်မှု၊ ရေရှည်တည်တံ့သော ဘဏ္ဍာရေးစနစ်များနှင့် အထောက်အထား အခြေပြုမူဝါဒ အကောင်အထည်ဖော်မှုများကို အားကောင်းခိုင်မာစေခြင်းမှာ အရေးကြီးပါသည်။

ခေတ်မီထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အစပျိုးခဲ့သည့် ၁၉၉၀ နှစ်များ အတွင်းမှစ၍ ဒေသအတွင်း ထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ရာ ထိရောက်သော သာဓကများကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားတို့အတွက်  ၎င်းတို့ဒေသနှင့် ကိုက်ညီမည့် အကျိုးထိရောက်သည့် ထိန်းသိမ်းနည်းလမ်းများစွာ ပြသနိုင်ခဲ့ပြီး ကျက်စားရာနေရာများ သို့မဟုတ် မျိုးစိတ် အရေအတွက် ကျဆင်းမှုများကို ရပ်တန့်စေခြင်း သို့မဟုတ် ပြန်လည်တိုးတက်လာစေခြင်းစသည့် အောင်မြင်သောသာဓကများစွာလည်း ရှိခဲ့ပါသည်။ သို့သော် ဇီဝဆိုင်ရာအရေးကြီးဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ခြိမ်းခြောက်ခံနေရမှု အတိုင်းအတာဖြင့် နှိုင်းယှဉ်ကြည့်မည် ဆိုပါက များစွာလိုအပ်နေသည်ကို တွေ့ရပါသည်။

ဤသို့သောအပြောင်းအလဲများကြောင့် ၂၀၂၆ခုနှစ်မှ ၂၀၃၀ ခုနှစ် အထိ ဇီဝဆိုင်ရာအရေးကြီးဒေသများအတွင်း CEPF၏နောက်ထပ်ရင်းနှီးမြှုပ်နှံမည့် ကာလအတွက် ဂေဟစနစ်အခြေအနေနှင့် ၎င်းအတွင်းပါဝင်သော ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာများကို ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲရန် လိုအပ်လာခဲ့ပါသည်။ ဤလုပ်ဆောင်မှုသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများဦးဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ထောက်ပံ့လိုသော အလှူရှင်များအနေဖြင့် အရေးအကြီးဆုံး ဦးစားပေးချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အသုံးချနိုင်သကဲ့သို့ အစိုးရများနှင့် အခြား အလှူရှင်များ၏ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများနှင့်လည်းကောင်းစွာ ကိုက်ညီနိုင်မည့်

မျှဝေထားသော ရည်မှန်းချက်များနှင့် နည်းဗျူဟာများကို တည်ဆောက်နိုင်ရန် အထောက်အကူဖြစ်စေပြီး ကျယ်ပြန့်သော ပလက်ဖောင်းတစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

ဂေဟစနစ်အခြေအနေကို ၂၀၂၅ ခုနှစ် မတ်လမှ အောက်တိုဘာလအတွင်း WWF မှ ညှိနှိုင်းဆောင်ရွက်ခဲ့သော အကြံပြုဆွေးနွေးမှုလုပ်ငန်းများမှတဆင့် ပြန်လည်မွမ်းမံ ရေးဆွဲခဲ့ပါသည်။ ဤပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်းရှိ WWF ရုံးများမှ ညှိနှိုင်းဆောင်ရွက်ခဲ့သော နိုင်ငံအဆင့် အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲများနှင့် ၂၀၂၅ခုနှစ် ဇူလိုင်လတွင် ဘန်ကောက်မြို့၌ ဇီဝဆိုင်ရာအရေးကြီးဒေသအတွက် CEPF၏ ဒေသတွင်းအကောင်အထည်ဖော်ရေးအဖွဲ့ RIT အနေဖြင့် IUCNမှ စီစဉ်ကျင်းပခဲ့သော နောက်ဆုံးအကဲဖြတ် အလုပ်ရုံ ဆွေးနွေးပွဲများမှတဆင့် ဆက်စပ်ပတ်သတ်သူ ၃၅၀ကျော်ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဂေဟစနစ်အခြေအနေ ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင် ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်း ထိန်းသိမ်းရေးစီမံကိန်းများနှင့် အစီအစဉ်များကို ဒီဇိုင်းဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ရန်ပုံငွေပံ့ပိုးပေးခြင်းတို့တွင် အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူများ ပါဝင်သော အကြံပေးကော်မတီ၏ လမ်းညွှန်မှုများဖြင့်လည်း အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

## CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်

အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသ၏ ဂေဟစနစ်အခြေအနေတွင် ၎င်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၏ အရေးပါမှုနှင့် လူမှုစီးပွားရေး၊ မူဝါဒရေးရာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဆိုင်ရာ အခြေအနေများကို ခြုံငုံသုံးသပ် တင်ပြထားပါသည်။ ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်လေ့လာခြင်းသည် ဖြစ်ပေါ်နေသော အခြေအနေ လေ့လာသုံးသပ်ချက်များကို ခြုံငုံမိစေပါသည်။ ဤဂေဟစနစ်အခြေအနေတွင် မျိုးစိတ်များ၊ နေရာဒေသနှင့် ဆက်စပ်လမ်းကြောင်း စသည့်ကဏ္ဍအလိုက် တိုင်းတာနိုင်သော သဘာဝထိန်းသိမ်းရေး ရလာဒ်များအပြင် ဇီဝမျိုးစုံမျိုးကွဲများအား အဓိကတိုက်ရိုက် ခြိမ်းခြောက်နေမှုများနှင့် ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ထိန်းသိမ်း နိုင်မည့်အချက်များကို လေ့လာအကဲဖြတ်နိုင်ရန် ဖော်ပြထားပါသည်။

ဤဂေဟစနစ်အခြေအနေသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဦးဆောင်သည့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် စိတ်ဝင်စားသော ရန်ပုံငွေထောက်ပံ့သူများအတွက် ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာများကိုလည်း ဖော်ပြထားပါသည်။ ဤနည်းဗျူဟာတွင် မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးအများဆုံး ရရှိနိုင်မည်ဟူသည့် CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေးနယ်ပယ်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အကျဉ်းချုပ်အားဖြင့် CEPF၏ အဓိက ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သည်  ဇီဝဆိုင်ရာအရေးကြီးဒေသတွင် ကြုံတွေ့နေရသော သဘာဝထိန်းသိမ်းရေးပြဿနာများ (ဥပမာ အမဲလိုက်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်း၊ ဆည်များနှင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေး တိုးချဲ့ခြင်း၊ ငါးဖမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှု)၏ တုံ့ပြန်ဖြေရှင်းနည်းလမ်းများကို ပြသရန်ဖြစ်ပြီး ယင်းနည်းလမ်းများကို အရပ်ဘက်လူမှုအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများက ဆင့်ပွားအကောင်အထည်ဖော်ခြင်း သို့မဟုတ် အစိုးရအစီအစဉ်များတွင် ထည့်သွင်းခြင်းဖြင့် အရပ်ဘက်လူမှု အဖွဲ့အစည်း၏ စွမ်းရည်များကို မြှင့်တင်ပေးသော ချဉ်းကပ်မှုများ ပြသရန်ဖြစ်သည်။

CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်သည်  ပထမရင်းနှီးမြှုပ်နှံမှု အဆင့် ၃ဆင့် (၂၀၀၈-၂၀၁၃၊ ၂၀၁၃-၂၀၂၀၊ ၂၀၂၀-၂၀၂၅)တို့တွင် စမ်းသပ်လေ့လာခြင်းမှ ရေရှည်အကောင်ထည်ဖော်ဆောင်ရွက်မှုများနှင့် ရလာဒ်များကို

ပြည်သူ့မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍ၏ လက်တွေ့လုပ်ငန်းများအတွင်း ပေါင်းစပ်ထည့်သွင်းခြင်းများစသည့် အောင်မြင်ခဲ့သော နည်းလမ်းများ အပေါ်အဓိကအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့သော်ငြားလည်း CEPF၏ ရင်းနှီးမြုပ်နှံမှုများသည် ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်းရှိ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရင်ဆိုင်နေရသော ပြဿနာအားလုံးကို တုန့်ပြန် ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။ CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အမြင့်မားဆုံး အကျိုးအမြတ်များရရှိအောင် ဖြည့်စွက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ အတွက် ရန်ပုံငွေပံ့ပိုးသူများ ပံ့ပိုးပေးထားသော ဧရိယာတစ်ခုလုံး၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးရန် အချက်ကိုသာ အဓိကထားခြင်းဖြစ်သည်။

ဤရင်းနှီးမြုပ်နှံမှု နည်းဗျူဟာသည် ရည်မှန်းချက်မြင့်မားသည့်အပြင် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတွင် ကြုံတွေ့နေရဆဲဖြစ်သော သဘာဝထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ၏ အခြေအနေကိုပါ ဖော်ညွှန်းပြသပေးနေပါသည်။ နောင်လာမည့် ၅ နှစ်တာအတွင်း နည်းဗျူဟာအစိတ်အပိုင်းအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အရင်းအမြစ်ပမာဏသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရင်းနှီးမြုပ်နှံရန်အတွက် အဖွဲ့တစ်ဖွဲ့ခြင်းစီမှ အထောက်အပံ့ပေးသည့် အရင်းအမြစ်ပမာဏထက် ကျော်လွန်နေပါသည်။ ထို့အတွက် ဖော်ပြပါနည်းဗျူဟာများ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းကို Lower Mekong Funder Collaborative၏ ကြီးကြပ်မှုအောက်တွင် CEPFနှင့် အခြားသော ရန်ပုံငွေထောက်ပံ့သူများကြား ပုံမှန်အစည်းဝေးများမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းအပြင် အခြားသော ရန်ပုံငွေထောက်ပံ့ပေးသည့်အဖွဲ့များမှ ဒေသတွင်းရင်းနှီးမြုပ်နှံမှုနှင့်ပတ်သတ်၍ ဆုံးဖြတ်ချက်များ ချမှတ်ပြီး အထောက်အပံ့အစီအစဉ်များကို ချမှတ်သည့်အချိန်တွင် CEPFအဓိက ရင်းနှီးမြုပ်နှံမှုအထူးဦးစားပေးနယ်ပယ်ကို ထပ်တူမဖြစ်အောင်ချိန်ညှိရန်၊ ကွာဟချက်များကိုဖြည့်ဆည်းရန်၊ ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစည်းမှု အကျိုးအမြတ် ပိုများစေရန် အခွင့်အလမ်းများကို အသုံးချရန် စသည်ဖြင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်သွားမည်ဖြစ်ပါသည်။

## ရင်းနှီးမြုပ်နှံမည့် ဦးစားပေးဧရိယာ

ထိန်းသိမ်းရေးရလာဒ်များသည် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသရှိ CEPF၏ ရင်းနှီးမြုပ်နှံမှုများအတွက် ဇီဝဗေဒဆိုင်ရာအခြေခံအချက်များကို ပံ့ပိုးပေးပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုကို တားဆီးလျှော့ချရန် ထိန်းသိမ်းရမည့်မျိုးစိတ်များ၊ နေရာများနှင့် ဆက်စပ်လမ်ကြောင်းများကို တိုင်းတာနိုင်သော အစုအဝေးတစ်ရပ်ဖြစ်သည်။ မူလဂေဟစနစ် အခြေအနေ ရေးဆွဲရာတွင် အင်ဒို-မြန်မာအတွက် ထိန်းသိမ်းရေးရလာဒ်များကို သတ်မှတ်ရေးဆွဲခဲ့ပြီး ၂၀၁၁ နှင့် ၂၀၂၀ ခုနှစ်များတွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ နောက်ဆုံးပြင်ဆင်ရေးဆွဲရာတွင် မျိုးစိတ်များ၊ နေရာများနှင့် ဆက်စပ်လမ်းကြောင်းများ၏ လတ်တလောအချက်အလက်အသစ်များကို ထင်ဟပ်စေရန် ထိန်းသိမ်းရေးဆိုင်ရာ ရလာဒ်များကို ထပ်မံပြင်ဆင်ရေးဆွဲခဲ့ကြပါသည်။ CEPF နှင့် အခြားရန်ပုံငွေထောက်ပံ့သူများ၏ ရင်းနှီးမြုပ်နှံမှုကို ထိရောက်စေနိုင်ရန်အတွက် အရေးပေါ်လုပ်ဆောင်ရန်လိုအပ်သော ထိန်းသိမ်းရေးလုပ်ဆောင်ချက်များနှင့် ရှိပြီးသားထိန်းသိမ်းရေးလုပ်ငန်းများကို အားကောင်းလာစေမည့် အခွင့်အလမ်းများပါဝင်သော စံသတ်မှတ်ချက်များ အပေါ်အခြေခံ၍ ထိန်းသိမ်းရေးရလာဒ်များကို ဦးစားပေး သတ်မှတ်ခဲ့ကြသည်။

၂၀၂၀ခုနှစ်တွင် ထိန်းသိမ်းမည့်မျိုးစိတ်ပေါင်း ၁၂၉၈ မျိုးရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၂၂၀၂ မျိုးအထိမြင့်တက်လာခဲ့ပြီး ၎င်းသည် IUCN Red List စာရင်းတွင် တရားဝင်အသိအမှတ်ပြုထားသော ကမ္ဘာပေါ် ရှိ မျိုးသုန်းရန် အန္တရာယ်ရှိသည့် မျိုးစိတ်အရေအတွက်တိုးလာမှုကို ထင်ဟပ်စေပါသည်။ ၎င်းတို့ထဲတွင် အပင်မျိုးစိတ်များ အများဆုံးတိုးလာပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးသုန်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်အရေအတွက်သည် နှစ်ဆကျော်မြင့်တက်လာခဲ့ပါသည်။

အလားတူပင် ငါးမျိုးစိတ်များ၊ ကုန်းနေရေနေသတ္တဝါများ၊ ကျောရိုးမဲ့သတ္တဝါများလည်း သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဆက်စပ်ပတ်သတ်သူများမှ ထိန်းသိမ်းရေးအတွက် လျာထားသည့်နေရာ ၃၇ နေရာနှင့် နယ်နိမိတ်ပြောင်းလဲမှု ၅၉ ခုကို အဆိုပြုခဲ့ကြသော်လည်း ထိန်းသိမ်းရေးဒေသ ၅၅၅ ခုသည် မပြောင်းလဲပဲ ရှိနေသေးသဖြင့် ယင်းအချက်သည် အင်ဒို-မြန်မာဒေသရှိ အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ (KBA) ကွန်ရက်ကို ပြင်ဆင်ရန် လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြလျှက်ရှိသည်။

## အင်ဒို-မြန်မာ ဇီဝဆိုင်ရာ အရေးကြီးဒေသတွင် CEPFမှ ရင်းနှီးမြှုပ်နှံမည့် ဦးစားပေးဆက်စပ်ပေါင်းကူး ဒေသများ မြေပုံ

မှတ်ချက်။ မြန်မာနိုင်ငံရှိ ထုံးကျောက်ဂူများအား ဤမြေပုံပေါ်တွင်ဖော်ပြထားခြင်းမရှိပါ။ သေးငယ်သော နေရာကွန်ရက်များသည် နိုင်ငံတစ်လျှောက်တွင် ပြန့်နှံ့လျှက်ရှိသည်။ ဤမြေပုံစကေးပေါ်တွင် ၎င်းနေရာများအားဖော်ပြရန်မှာ အလွန်သေးငယ်နေပါသည်။

အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ (KBA) ၄၁၆ ခု (စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်း) ပါဝင်သော ဆက်စပ်လမ်းကြောင်း စာရင်းအရေအတွက် ၆၅ ခုမှာ မပြောင်းလဲဘဲကျန်ရှိနေပါသည်။ ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုအတွက် ဆက်စပ်လမ်းကြောင်း ငါးခုအား ဦးစားပေးသတ်မှတ်ခဲ့ပါသည်။ ၎င်းတို့တွင် အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲ ဧရိယာ (KBA) ၇၃ ခုမှာ အလိုအလျောက် ဦးစားပေး ထိန်းသိမ်းရမည့် နေရာများအဖြစ် ရွေးချယ်ပြီးဖြစ်ပါသည်။ ဆက်စပ်လမ်းကြောင်း ၅ ခုအပြင် မြန်မာနိုင်ငံရှိ အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲ ဧရိယာ (KBA) ထုံးကျောက်ဂူ ၂၄ ခုသည် ဘူမိဗေဒအရ ဦးစားပေး ရင်းနှီးမြှုပ်နှံရမည့်နေရာများအဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါ ဆက်စပ်လမ်းကြောင်း ၅ ခုနှင့် ထုံးကျောက်ဂူ ၂၄ ခုကွန်ရက် စုစုပေါင်းဧရိယာမှာ ၁၁၉၂၆၉ ဟက်တာရှိပြီး ထိုဧရိယာမှာ ဇီဝဆိုင်ရာအရေးကြီးဒေသ (Hotspot) စုစုပေါင်းဧရိယာ၏ ၅ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။ ဤဧရိယာသည် ၂၀၂၀ခုနှစ် ဂေဟစနစ်အခြေအနေတွင်ပါရှိသော ဘူမိသွင်ပြင်အရ ဦးစားပေး ဧရိယာနှင့် အလားတူဧရိယာတစ်ခုဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် ဂေဟစနစ်အခြေအနေတွင် အဓိကပြောင်းလဲမှုတစ်ခုမှာ ချင်းတွင်းမြစ်ဒေသအား လုံခြုံရေးအခြေအနေများကြောင့် ဦးစားပေး ဆက်စပ်လမ်းကြောင်းများစာရင်းမှ ဖယ်ရှားခဲ့ရခြင်းဖြစ်သည်။ ၎င်းအစား ဟာလာ-ဘာလာ သစ်တောများ ဆက်စပ်လမ်းကြောင်းဖြင့် အစားထိုးခဲ့ပြီး ၎င်းဧရိယာတွင် ကျယ်ပြန့်ပြီး မြေပြန့်နှင့် တစ်ဆက်တည်းဖြစ်နေသော လမ်းကြောင်းများ၊ အမြဲစိမ်းသစ်တောများ၊ အရေအတွက် သိသာထင်ရှားစွာ ရှိနေသော မျိုးသုန်းရန်အန္တရာယ် ရှိသောမျိုးစိတ်နှင့် မျိုးသုန်းပျောက်ကွယ်နေသောမျိုးစိတ်များ ပါဝင်ပါသည်။ ဤဆက်စပ်လမ်းကြောင်းကို ထည့်သွင်း လိုက်ခြင်းကြောင့် ထိုင်းနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများအတွက် CEPFမှ အထောက်အပံ့ပေးနိုင်မည့် အခွင့်အလမ်းများ တိုးလာစေခဲ့ပါသည်။

မျိုးခွဲပညာရှုထောင့်မှ ကြည့်မည်ဆိုပါက ဦးစားပေးထိန်းသိမ်းမည့် မျိုးသုန်းရန်အန္တရာယ်ရှိသောမျိုးစိတ်၂၃၉ မျိုးပါဝင်ပြီး ဤပမာဏသည် ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်းရှိ မျိုးသုန်းရန်အန္တရာယ်ရှိသောမျိုးစိတ်စုစုပေါင်း ၁၁ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။ ယင်းတို့တွင် တွားသွားသတ္တဝါ ၉၉မျိုး၊ ငါးမျိုးစိတ် ၆၈မျိုး၊ နို့တိုက်သတ္တဝါ ၃၇မျိုးနှင့် ငှက်မျိုးစိတ် ၃၅ မျိုးတို့ပါဝင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုန်းရန်အန္တရာယ်ရှိသော ကုန်းနေရေနေသတ္တဝါများ၊ အပင်များနှင့် ကျောရိုးမဲ့သတ္တဝါများကိုလည်း ခြင်းချက်ကိစ္စရပ်များတွင် မျိုးစိတ်အခြေပြု ထိန်းသိမ်းရေး လုပ်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသည်ဟု ထည့်သွင်းစဥ်းစားသွားမည် ဖြစ်ပါသည်။ ဦးစားပေးထိန်းသိမ်းမည့် မျိုးစိတ်များတွင် လိပ်မျိုးစိတ် ၃၁ မျိုး (ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်းသာ တွေ့ရသော ဒေသမျိုးရင်း ၈မျိုး)၊ မျောက်မျိုးစိတ် ၁၅ မျိုး (ဒေသမျိုးရင်း ၁၂မျိုး)၊ ungulates ၁၂ မျိုး (ဒေသမျိုးရင်း ၆မျိုး)

တို့ပါဝင်ပြီး ၎င်းတို့သည် တရားမဝင်တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုမှ ဝယ်လိုအားများသောကြောင့် အလွန်အကျွံ ဖမ်းဆီးခံနေရပြီး ခြိမ်းခြောက်အန္တရာယ် မြင့်မားနေသည်ဟု ထင်ဟပ်လျှက်ရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှုအတွက် အကြောင်းအရာအလိုက် ဦးစားပေးချက်များ

ဇီဝဆိုင်ရာအရေးကြီးဒေသ (hotspot) အတွင်း ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် အကြောင်းအရာအလိုက် ဦးစားပေးချက်များကို ဇီဝဆိုင်ရာအရေးကြီးဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်နေသော အဓိက ခြိမ်းခြောက်မှုများနှင့် ၎င်းတို့၏ အခြေခံအကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအပေါ် အခြေခံ၍ ကျယ်ပြန့်သော ဆက်စပ်ပတ်သက်သူ အများအပြားပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်မှတဆင့် သတ်မှတ်ခဲ့ပါသည်။ ခြိမ်းခြောက်မှုများ၏ ဦးစားပေးအဆင့်သတ်မှတ်ချက်များသည် ၂၀၂၀ ခုနှစ် ဂေဟစနစ်အခြေအနေ (Ecosystem Profile) အား ပြန်လည်ပြုပြင်ရေးဆွဲရာတွင် ဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးခဲ့သည့် ရလဒ်များနှင့် ယေဘုယျအားဖြင့် အပြောင်းအလဲ များစွာမရှိပါ။ အမဲလိုက်မှုနှင့် သစ်ထုတ်လုပ်မှုများကို ဇီဝဆိုင်ရာအရေးကြီးဒေသတစ်လျှောက်ရှိ မျိုးစိတ်များနှင့် ဒေသအခြေပြု ထိန်းသိမ်းရေး ရလဒ်များအပေါ် အကြီးမားဆုံးခြိမ်းခြောက်မှုများအဖြစ် သတ်မှတ်ထားပါသည်။ ထို့အပြင် ဆည်ဆောက်လုပ်ခြင်းနှင့် ရေစီမံခန့်ခွဲမှု၊ စိုက်ပျိုးမြေများတိုးချဲ့မှုနှင့် ငါးဖမ်းလုပ်ငန်းများမှ ဖြစ်ပေါ်လာသော ဖိအားများသည်လည်း မြင့်မားသော အဆင့်တွင် ရှိနေပါသည်။ ခြိမ်းခြောက် မှုများ၏ ပြင်းထန်မှုသည် ဂေဟစနစ်အမျိုးအစားနှင့် နိုင်ငံအလိုက် ကွဲပြားသော်လည်း ယေဘုယျအားဖြင့် ဇီဝအရင်းအမြစ်များ အသုံးချမှု တိုးလာခြင်း၊ ကျက်စားရာနေရာ (habitat) ပြောင်းလဲပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွယ်သော သက်ရောက်မှုများသည် ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၏ အဓိကတွန်းအားများဖြစ်ကြောင်း အလေးပေးဖော်ပြထားသည်။

ဤခြိမ်းခြောက်မှုများနှင့် အခြားသော ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်နှင့် ၎င်းတို့၏ အရင်းခံအကြောင်းရင်းအချို့ကို ဖြေရှင်းရန်အတွက် ငါးနှစ်တာ ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာကို ပြန်လည်ရေးဆွဲခဲ့ပါသည်။ အသေးစိတ်ဖော်ပြထားသော အလုံးစုံနည်းဗျူဟာတွင် နည်းဗျူဟာဦးတည်ချက် (Strategic Directions) ၁၃ ခု အနက်မှ ဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်များနှင့် CEPF အကြံပေးကော်မတီနှင့် ဆွေးနွေးညှိနှိုင်းမှုများအပေါ် အခြေခံ၍ နည်းဗျူဟာဦးတည်ချက် ၆ ခု ကို ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေးနယ်ပယ် (investment niche) အဖြစ် ရွေးချယ်ထားပြီး ၂၀၂၆–၂၀၃၀ ခုနှစ်များအတွက် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသရှိ CEPF ရင်းနှီးမြှုပ်နှံမှု၏ အကြောင်းအရာအလိုက် အဓိက ဦးတည်ချက်များအဖြစ် သတ်မှတ်ထားပါသည်။ ဤနည်းဗျူဟာဦးတည်ချက် ခြောက်ခုသည် အလုံးစုံနည်းဗျူဟာ ဦးတည်ချက်တွင် ဖော်ပြထားသော ဦးစားပေးရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၅၁ ခု အနက် ၂၂ ခုကို အကျုံးဝင်စေပြီး CEPF ရန်ပုံငွေ၏ ထူးခြားသော အားသာချက်များကို အသုံးချနိုင်ခြင်းနှင့် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို တိုက်ရိုက် ပံ့ပိုးနိုင်ခြင်းရှိသော ရည်မှန်းချက်များကို အဓိကအာရုံစိုက်ထားပါသည်။ CEPF ၏ ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေးနယ်ပယ် (investment niche) ကို ဖွဲ့စည်းထားသော နည်းဗျူဟာ ဦးတည်ချက် ၆ ခုကို အောက်တွင် ဖော်ပြထားပါသည်။

**အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်း နည်းဗျူဟာဦးတည်ချက်များနှင့် ဦးစားပေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ**

| **နည်းဗျူဟာဦးတည်ချက်များ** | **ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ** |
|---|---|
| **အစိတ်အပိုင်း (၁) – ဦးစားပေး မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ခြင်း** | |
| **၁။ ကမ္ဘာပေါ်ရှိ မျိုးသုန်းပျောက်ကွယ် ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များ၏ လုံခြုံရေးအတွက် အဓိကခြိမ်းခြောက် မှုများလျော့ချခြင်းနှင့် သဘာဝအခြေ အနေတွင် ဦးရေတိုးပွားလာရေး အတွက် ပြန်လည်ထူထောင်ခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်]* | ၁.၁။ ဦးစားပေးကာကွယ်ရမည့် အဓိကမျိုးစိတ်များ၏ အဓိကအုပ်စုများအား ရေရှည်ထိန်းသိမ်းရေးနှင့် စနစ်တကျ စောင့်ကြည့်လေ့လာမှု အစီအစဉ်များ ချမှတ်ခြင်း။ |
| | ၁.၂။ အလားအလာရှိသော ဦးစားပေးထိန်းသိမ်းရမည့် မျိုးစိတ်များအား သဘာဝ အခြေအနေတွင် ဦးရေတိုးပွားလာနိုင်ရေးအတွက် ကမ္ဘာ့စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်ထူထောင်ခြင်း။ |
| | ၁.၃။ မျိုးစိတ်များအား ရေရှည်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးနိုင်ရန် သုတေသနနှင့် တီထွင်ဆန်းသစ်ပြီး ရေရှည်တည်တံ့သော ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများအား တီထွင်ဖော်ထုတ်ခြင်း။ |
| | ၁.၄။ မျိုးစိတ်အလိုက်နားလည်တတ်ကျွမ်းသည့် ဒေသခံချန်ပီယံများအား ထောက်ပံ့ ပေးခြင်းဖြင့် ဦးစားပေးထိန်းသိမ်းရမည့် မျိုးစိတ်များကို ဒေသနှင့်ကိုက်ညီမည့် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စေခြင်း။ |
| | ၁.၅။ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်များနှင့် အလားအလာရှိသော မျိုးစိတ်များအကြောင်း အသိပညာကို တိုးတက်စေရန် အထူးသဖြင့် ရပ်ရွာလူ့ပ်ရှားမှု သုတေသန၊ ရိုးရာဂေဟဗေဒဆိုင်ရာ အသိပညာ (TEK) နှင့် ပြည်သူ့အသိသညာ လုပ်ငန်းများမှတဆင့် မဟာဗျူဟာမြောက် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များနှင့် လုပ်ဆောင်ချက်များကို အသိပေးရန် တိုးတက်ကောင်းမွန်သော အချက်အလက်များကို မြှင့်တင်ခြင်း။ |
| **၂။ One Health ကျန်းမာရေး မူဘောင်အတွင်း တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှု၊ ရေရှည်မတည်တံ့သော စားသုံးမှုနှင့် တောရိုင်းတိရစ္ဆာန်-မွေးမြူရေး-လူသား တို့၏ အပြန်အလှန် သက်ရောက်မှု အန္တရာယ်များကို** | ၂.၁။ စုံစမ်းစစ်ဆေးမှုများ၊ ထောက်လှမ်းရေးနှင့် သတင်းပေးများနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များအား အသုံးချမှုကို မြှင့်တင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှု ကွန်ရက်များကို ဖော်ထုတ်ရန် အရေးယူ ဆောင်ရွက်ရသည့် အဖွဲ့များအား ပံ့ပိုးပေးခြင်း။ |
| | ၂.၂။ ပေါင်းစည်းထားသည့် **One Health** ကျန်းမာရေး နည်းဗျူဟာများမှတဆင့် တရားမဝင် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှုနှင့် ဆက်စပ်ရောဂါ အန္တရာယ်များကို ပေါင်းစပ်ဖြေရှင်းရန် အရေးယူဆောင်ရွက်ရသည့်အဖွဲ့များ၊ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ |
| --- | --- |
| **ဖြေရှင်းခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုကို လျှော့ချခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်* | မွေးမြူရေး၊ လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။ |
| | ၂.၃။ တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုကို လှုံ့ဆော်နိုင်သည့် အွန်လိုင်းပလက်ဖောင်းများ နှင့် ဆိုရှယ်မီဒီယာများမှ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို လျှော့ချရန်အတွက် ပုဂ္ဂလိက၊ အစိုးရပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား အထူးအာရုံစိုက်၍ လုပ်ဆောင်ခြင်း။ |
| | ၂.၄။ တရားမဝင် တောရိုင်းတိရစ္ဆာန်ထွက်ကုန်များအပေါ် ဝယ်လိုအားကို လျှော့ချရန်၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အန္တရာယ်များအကြောင်း အသိပညာပေးရန်နှင့် တောရိုင်းတိရစ္ဆာန် ရာဇဝတ်မှုများကို ထောက်လှမ်းခြင်းနှင့် အစီရင်ခံခြင်းတွင် အများပြည်သူ ပါဝင်ဆောင်ရွက်စေရန် ပစ်မှတ်ထား၍ ပူးပေါင်းပါဝင်မှုကို လှုံ့ဆော်ပေးခြင်း။ |
| | ၂.၅။ ပေါင်းစပ်ထားသော One Health ကျန်းမာရေး ချဉ်းကပ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် တိရစ္ဆာန်မျိုးကွဲရောဂါများ ပေါ်ပေါက်လာခြင်းကြား ဆက်စပ်မှုများကို နားလည်ရန်နှင့် ဖြေရှင်းရန် သုတေသနနှင့် လုပ်ဆောင်ချက်များကို ပံ့ပိုးကူညီခြင်း။ |
| **အစိတ်အပိုင်း (၂)- ဦးစားပေးနေရာများအား ကာကွယ်ခြင်းနှင့် ထိန်းသိမ်းအုပ်ချုပ်ခွင့်** | |
| **၃။ သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ စီမံခန့်ခွဲခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများအား ပိုမိုကောင်းမွန်စေခြင်းနှင့် ၄င်းတို့၏ စီမံအုပ်ချုပ်မှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် အရေးကြီးသောနယ်မြေများကို ထိန်းသိမ်းကာကွယ်ခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်]* | ၃.၁။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အုပ်ချုပ်လုပ်ကိုင်မှုတွင် ဒေသခံတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် ပိုမိုကျယ်ပြန့်သော အရင်းအမြစ်စီမံခန့်ခွဲမှုတွင် ၎င်းတို့၏ အခွင့်အရေးနှင့် အခွင့်အလမ်းများကို အားကောင်းလာစေခြင်း။ |
| | ၃.၂။ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို အသုံးပြုခြင်းနှင့် အတည်ပြုထားသော လေ့ကျင့်သင်ကြားမှု အစီအစဉ်များတဆင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အကျိုးသက်ရောက်မှုကို မြှင့်တင်ခြင်း။ |
| | ၃.၃။ စစ်မှန်သောဒေသတွင်း လုပ်ငန်းစဉ်များမှတစ်ဆင့် အခြားထိရောက်သော ဒေသအခြေပြု ထိန်းသိမ်းရေး ဆောင်ရွက်မှုများ (OECMs) ကို ဦးဆောင်နိုင်ပြီး ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်စေရန် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကို အားပေးမြှင့်တင်ပေးခြင်း။ |
| | ၃.၄။ လက်ရှိရှိနေပြီးသား အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ (KBA)များနှင့် အလားအလာရှိသည့် အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ |
|---|---|
| | (KBA) အသစ်များအတွက် IUCN၏ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းနှင့် လမ်းညွှန်ချက်အသစ်များ အသုံးပြုခြင်းအားဖြင့် အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ (KBA) ကွန်ရက်ကို ပြင်ဆင်မွမ်းမံခြင်း။ |
| **၄။ ဦးစားပေးနေရာများတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကို မြှင့်တင်ပြီး ဒေသခံတိုင်းရင်းသားများ အကျိုးရှိစေရန် ရေရှည်တည်တံ့သော လုပ်ထုံးလုပ်နည်းများနှင့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကို ထောက်ပံ့ပေးခြင်း။** | ၄.၁။ ဦးစားပေးနေရာများတွင် အသက်မွေးဝမ်းကြောင်းနှင့် လူမှု-စီးပွားရေး တိုးတက်မှုများကို ထိန်းသိမ်းရေးရလဒ်များနှင့် သက်သေပြချိတ်ဆက်ပေးသည့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းစီမံကိန်းများကို မြှင့်တင်ပြီး အကောင်းဆုံးလုပ်ဆောင်မှုများနှင့် သင်ယူရရှိခဲ့သော သင်ခန်းစာများကို မှတ်တမ်းတင်ပြီး မျှဝေခြင်း။ |
| | ၄.၂။ ဦးစားပေးနေရာများတွင် ကောင်းမွန်သော သဘာဝခရီးသွားလုပ်ငန်း (Ecotourism) များ အားကောင်းလာစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာစေခြင်း။ |
| | ၄.၃။ ဦးစားပေးနေရာများတွင် သဘာဝအရင်းအမြစ် ထိန်းသိမ်းရေးနှင့် ကိုက်ညီသော ရင်းနှီးမြှုပ်နှံမှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍကို ပါဝင်ဆောင်ရွက်စေပြီး သဘာဝပတ်ဝန်းကျင် ကျန်းမာရေးနှင့် ရပ်ရွာကောင်းကျိုးကို မြှင့်တင်ပေးသည့် အကောင်းဆုံးလုပ်ဆောင်မှုများကို လက်ခံကျင့်သုံးခြင်းနှင့် ထောက်ခံအားပေးခြင်းတွင် ၎င်းတို့အား ပံ့ပိုးပေးခြင်း။ |
| | ၄.၄။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးတွင် One Health ကျန်းမာရေး ချဉ်းကပ်မှုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို ရပ်ရွာအခြေပြု စောင့်ကြည့်မှုလုပ်ငန်းစဉ်များတွင် ပေါင်းစည်းဆောင်ရွက်ခြင်း။ |
| | ၄.၅။ အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲဧရိယာ (KBA) များနှင့် ရေအရင်းအမြစ်များအနီးတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ လျှော့ချအသုံးပြုမှု အပါအဝင် ပိုမိုဘေးကင်းပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေး အလေ့အကျင့်များအား လက်ခံကျင့်သုံးမှုကို မြှင့်တင်ခြင်း။ |
| **၅။ ဂေဟဆိုင်ရာနှင့် လူမှု-စီးပွားရေးအချက်အလက်များကို အကဲဖြတ်ရန် နေရာအခြေပြု သုတေသနများမှတဆင့် ထိန်းသိမ်းရေးဆိုင်ရာ** | ၅.၁။ ဦးစားပေးနေရာများတွင် ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို သုတေသနပြုလုပ်ရန် ထောက်ပံ့ပေးခြင်း၊ ထိုသုတေသနတွင် လူမှု-စီးပွားရေးအခြေအနေများ၊ တန်ဖိုးသတ်မှတ်ခြင်း၊ လုပ်ငန်းစဉ်များနှင့် တီထွင်ဆန်းသစ်သော စောင့်ကြည့်မှုနည်းလမ်းများကို ပါဝင်စေခြင်း။ |
| | ၅.၂။ လက်ရှိရှိနေသည့် အသိပညာများကို စုစည်းပြီး သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့် ပူးပေါင်း၍ သတင်းအချက်အလက် |

| **နည်းဗျူဟာဦးတည်ချက်များ** | **ဦးစားပေးရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ** |
|---|---|
| **သက်သေခံအချက်အလက်များကို ခိုင်မာစွာ တည်ဆောက်ခြင်း။** | လိုအပ်ချက်များကို အကဲဖြတ်ခြင်းနှင့် ဒေတာများကို ပေါင်းစပ်၍ အဓိက အသိပညာ ကွာဟချက်များကို ဖော်ထုတ်ပြီး ဦးစားပေးသတ်မှတ်ခြင်း။ |
| | ၅.၃။ သိပ္ပံနည်းကျတွေ့ရှိချက်များကို နားလည်ရလွယ်ကူသောပုံစံများအဖြစ်သို့ ပြောင်းလဲပြီး အထောက်အထားအခြေခံမူဝါဒ အကြံပြုချက်များကို ရေးဆွဲခြင်း၊ နေရာစီမံခန့်ခွဲမှုအစီအစဉ်များတွင် အသိအမြင်အသစ်များကို ထည့်သွင်းခြင်းနှင့် ဤအသိပညာကို ထိရောက်စွာအသုံးချနိုင်ရန် ဆက်စပ်ပတ်သက်သူများအကြား စွမ်းရည်တိုးတက်စေရန် လုပ်ဆောင်ခြင်း။ |
| **အစိတ်အပိုင်း (၃)- သဘာဝပတ်ဝန်းကျင်ဆက်သွယ်မှုနှင့်ခံနိုင်ရည် မြှင့်တင်ခြင်း** | |
| **၆။ ဦးစားပေးထိန်းသိမ်းရမည့် ဆက်စပ်လမ်းကြောင်းများတွင် ဖော်ဆောင်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝအခြေပြု ဖြေရှင်းနည်းများ (NbS) ကို စနစ်တကျ ပေါင်းစပ်ထားသည့်နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်]* | ၆.၁။ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ပြီး အခြားရွေးချယ်နိုင်သော နည်းလမ်းများ၊ သဘာဝအခြေပြု ဖြေရှင်းနည်းများ (NbS) နှင့် ထိခိုက်မှုလျော့ချပေးနိုင်သည့် ဆောင်ရွက်ချက်များကို မြှင့်တင်ပံ့ပိုးပေးခြင်း။ |
| | ၆.၂။ ဆင့်ပွားအသုံးချနိုင်သော နည်းလမ်းများကို ဖန်တီးနိုင်ရန်နှင့် ပိုမိုကျယ်ပြန့်သော အသုံးချမှုအတွက် သတင်းအချက်အလက်များပေးနိုင်ရန် သရုပ်ပြစီမံကိန်းများ အပါအဝင် ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။ |
| | ၆.၃။ သတင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး အသိအမြင်များတိုးပွားလာစေခြင်း၊ ဝေဖန်ဆွေးနွေးခြင်းများ (public debate) ဆောင်ရွက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲအခန်းကဏ္ဍ ထည့်သွင်းနိုင်ရေး အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိရောက်သော လွှမ်းမိုးမှုများရရှိရန် ဆောင်ရွက်ခြင်း။ |
| **၇။ ဦးစားပေး ထိန်းသိမ်းရမည့် ဆက်စပ်လမ်းကြောင်းများတွင် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလယ်ယာနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုကို လျော့ချခြင်း။** | ၇.၁။ အကြီးစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြောင့် ခြိမ်းခြောက်ခံနေရသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ပိုင်ဆိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်တို့ကို အားကောင်းစေရန် မြှင့်တင်ခြင်း။ |
| | ၇.၂။ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ခြိမ်းခြောက်ခံနေရသည့် ကာကွယ်ထိန်းသိမ်းထားသော အခြေအနေမရှိသေးသည့် ဦးစားပေးနေရာများအား တရားဝင်နည်းလမ်းဖြင့် ကာကွယ်ထိန်းသိမ်းခြင်းကို မြှင့်တင်ဆောင်ရွက်ခြင်း။ |
| | ၇.၃။ အကြီးစားစီမံကိန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကာအကွယ် များနှင့်အညီ တာဝန်ယူမှုရှိစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ |
|---|---|
| | ၇.၄။ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဖိအားလျှော့ချရန် ရေဝေရေလဲ ပူးတွဲစီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဲ့သို့သော ပုံစံများကို အသုံးပြု၍ ထိန်းသိမ်းခြင်းဖြင့် ရေ၊ အစာနှင့် စွမ်းအင် လိုအပ်ချက်များကို မျှတအောင် ပေါင်းစပ်စီစဉ်ပေးခြင်း။ |
| | ၇.၅။ ဦးစားပေး ထိန်းသိမ်းရမည့် ဆက်စပ်လမ်းကြောင်းများတွင် အကြီးစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို သုတေသနလုပ်ဆောင်ရန်နှင့် စောင့်ကြည့်လေ့လာရန် ပံ့ပိုးကူညီခြင်း။ |
| | ၇.၆။ မူဝါဒအပေါ်သက်ရောက်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများကို မြှင့်တင်နိုင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များနှင့် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို လှုံ့ဆော်ပေးခြင်း။ |
| **၈။ ဦးစားပေးဆက်စပ် လမ်းကြောင်းများ နှင့် ဆက်စပ်နေသော ဂေဟစနစ်များကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန် မြေယာရှုခင်းစီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်များဖြင့် မြှင့်တင်ခြင်း။** | ၈.၁။ ဇီဝမျိုးစုံမျိုးကွဲများနှင့်သဟဇာတဖြစ်စေမည့် ထုတ်လုပ်မှုအတွက် စိုက်ပျိုးရေး အလေ့အကျင့်များ၊ တောင်သူလယ်သမားများနှင့်  တိုးချဲ့ပညာပေး စွမ်းဆောင်ရည်တို့ကို မြှင့်တင်ခြင်း။ |
| | ၈.၂။ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဟဇာတဖြစ်စေမည့် ထုတ်လုပ်မှုအတွက် အသိအမှတ်ပြု လက်မှတ်နှင့် ဂေဟစနစ် အညွှန်းတံဆိပ်တပ်ခြင်း အပါအဝင် ရှေ့ပြေး ပုံစံများနှင့် မော်ဒယ်များအား အဆင့်မြှင့်ခြင်း။ |
| | ၈.၃။ ဂေဟဗေဒဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ ပေါင်းစပ်ထားသည့် မူဝါဒများအတွက် ထောက်ခံအားပေးခြင်း၊  ရေရှည်တည်တံ့သော အလေ့အကျင့်များအတွက် ဘဏ္ဍာရေးဆုလာဘ်များ ချမှတ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ထုတ်ကုန်များအတွက် စျေးကွက်ချိတ်ဆက်မှုများကို ပံ့ပိုးပေးခြင်း။ |
| | ၈.၄။ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကို  အားကောင်းစေရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းကို မြှင့်တင်ရန်အတွက် ကဏ္ဍစုံနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ |
|---|---|
| **အစိတ်အပိုင်း (၄)- တရားဝင်ကာကွယ်ထိန်းသိမ်းခြင်းအဖွဲ့ တည်ထောင်ခြင်း** | |
| **၉။ ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်၊ ဒေသန္တရအဆင့်နှင့် အခြေခံအဆင့်များတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသခံပြည်သူများနှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ဆောင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တည်ထောင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးကူညီပေးခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်]* | ၉.၁။<br>ဦးစားပေးနှင့် ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများအပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းတုံ့ပြန်နိုင်စေရန်အတွက် ဖွဲ့စည်းတည်ထောင် ထားပြီးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အသစ် သို့မဟုတ် အလွတ်သဘော အဖွဲ့များကြား လမ်းညွှန်မှုပေးခြင်း အပါအဝင် ကွန်ရက်ချိတ်ဆက်ခြင်းနှင့် အသိပညာ ဖလှယ်ရေး ယန္တရားများကို ပံ့ပိုးကူညီပေးခြင်း။ |
| | ၉.၂။ ပေါ်ထွန်းလာသော အဖွဲ့အစည်းများအတွက် ကိုက်ညီအောင် ပြင်ဆင်ထားသော စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ၏ အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီခြင်း။ |
| | ၉.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ (IPLCs)၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့်အတူ စေတနာ့ဝန်ထမ်း အခြေပြု၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း သို့မဟုတ် အခကြေးငွေ ပေးဆောင်ခြင်းဖြစ်စေ နည်းပညာ ကျွမ်းကျင်သူများ၏ ကျွမ်းကျင်မှုများကို ချိတ်ဆက်ပေးနိုင်သော ယန္တရားများ ချမှတ်ခြင်း ။ |
| | ၉.၄။ အခြေခံအဆင့် လူထုအဖွဲ့အစည်းအသစ်များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ ဦးဆောင်သော အဖွဲ့အစည်းများအား စတင်တည်ထောင်ရေး အထောက်အပံ့နှင့် လိုက်လျောညီထွေ အသုံးပြုနိုင်သော ငွေကြေးပံ့ပိုးမှုများ (ဥပမာ – အသေးစားရန်ပုံငွေများ၊ မတည်ရင်းနှီးမြှုပ်နှံမှုများ) ထောက်ပံ့ပေးခြင်းနှင့် အုပ်ချုပ်ရေးစနစ်များကို တည်ဆောက်နိုင်ရန် ရှေ့ပြေးလုပ်ဆောင်မှုများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ယုံကြည်မှုရရှိအောင် ဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ခြင်း။ |
| **၁၀။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် လူမှုနယ်ပယ်အသီးသီးအတွက် စွမ်းဆောင်ရည်တိုးတက်လာစေမည့် သတ်မှတ်ထားသော ပညာပေးလုပ်ငန်းများ၊** | ၁၀.၁။ အနာဂတ်တွင် ထိန်းသိမ်းရေးကို ဦးဆောင်နိုင်မည့် ခေါင်းဆောင်များနှင့် အရေးပါသော ပုဂ္ဂိုလ်များ၏ ပညာရေး၊ သင်တန်းနှင့် ခေါင်းဆောင်မှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးများတွင် ရင်းနှီးမြှုပ်နှံပံ့ပိုးခြင်း။ |
| | ၁၀.၂။ အင်ဒို-မြန်မာ ထိန်းသိမ်းရေး လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခြင်းဆိုင်ရာ သင်ကြားရေးစင်တာ တည်ထောင်နိုင်ခြေကို လေ့လာဆန်းစစ်ခြင်း။ |
| | ၁၀.၃။ ပညာရေးနှင့် အသိပညာပေးခြင်းဖြင့် ထိန်းသိမ်းရေးအသိနှင့် အမူအကျင့်ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်း။ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
|---|---|
| **သင်တန်းများနှင့် အသိပညာဗဟုသုတမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။** | ၁၀.၄။ ဆုံးဖြတ်ချက်ချမှတ်ရမည့် အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးရေး မူဝါဒများနှင့် စီမံကိန်းများ၏ ဂေဟစနစ်အပေါ် ထိခိုက်မှုများအကြောင်းကို သင်တန်းပို့ချခြင်းနှင့် အသိပညာဗဟုသုတများ တိုးတက်လာစေရေး ဆောင်ရွက်ခြင်း။ |
| **အပိုင်း (၅)- ကာကွယ်ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုအား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း** | |
| **၁၁။ စနစ်တကျ၊ ပွင့်လင်းမြင်သာမှုနှင့် အားလုံးပါဝင်သော စောင့်ကြည့်လေ့လာခြင်း၊ သင်ယူမှု၊ တာဝန်ခံမှုနှင့် လိုက်လျောညီထွေရှိသော စီမံခန့်ခွဲမှုတို့ကို အလေးပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် လူသားတို့အပေါ် ဖြစ်ပေါ်စေသော အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း။** | ၁၁.၁။ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ဆောင်ချက်များ၏ သက်ရောက်မှုနှင့် ထိရောက်မှုကို စောင့်ကြည့်လေ့လာနိုင်ရေးအတွက် ဘုံစံချိန်စံညွှန်းများနှင့် စနစ်များကို အသုံးပြုခြင်း။ |
| | ၁၁.၂။ ဖွံ့ဖြိုးရေး မူဝါဒများ၊ အစီအစဉ်များနှင့် စီမံကိန်းများ၏ သက်ရောက်မှုများကို အဆင့်အမျိုးမျိုးတွင် စောင့်ကြည့်လေ့လာနိုင်ရေးအတွက် ဘုံစံချိန်စံညွှန်းများနှင့် စနစ်များကို ဖော်ဆောင်ချမှတ်ခြင်း။ |
| | ၁၁.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ (IPLCs) အကြား စောင့်ကြည့်လေ့လာခြင်းနှင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာမှု စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် လေ့လာသင်ယူခဲ့သည်များကို မျှဝေခြင်းအား မြှင့်တင်ပံ့ပိုးခြင်း။ |
| | ၁၁.၄။ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူမှုဘဝဆိုင်ရာ အညွှန်းကိန်းများအပါအဝင် စောင့်ကြည့်လေ့လာမှုရလဒ်များကို အမျိုးသားမူဝါဒများနှင့် ဒေသအဆင့် အလိုက် လိုက်လျောညီထွေရှိသော စီမံခန့်ခွဲမှုနစ်ခုစလုံးတွင် အသုံးချနိုင်ရန် အသိပေးခြင်း။ |
| **၁၂။ ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုများကို တည်နေရာနှင့် မျိုးစိတ်အခြေခံ လိုအပ်ချက်များ၊ အခွင့်အလမ်းများနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ထိရောက်ပြီး တုံ့ပြန်နိုင်စွမ်းရှိစေရန် အမျိုးသားနှင့် ဒေသအဆင့်** | ၁၂.၁။ ပူးပေါင်းဆောင်ရွက်မှု၊ ရန်ပုံငွေရရှိမှုနှင့် မူဝါဒသြဇာလွှမ်းမိုးမှုကို မြှင့်တင်ရန် ဒေသန္တရထိန်းသိမ်းရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ပလက်ဖောင်းများ တည်ထောင်ခြင်းနှင့် အားကောင်းလာစေရန် ပံ့ပိုးပေးခြင်း။ |
| | ၁၂.၂။ တူညီသောနေရာဒေသ သို့မဟုတ် မြေယာရှုခင်းအတွင်း လုပ်ဆောင်နေသော ထိန်းသိမ်းရေး အဖွဲ့အစည်းများအကြား ပူးပေါင်းအစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို လွယ်ကူချောမွေ့စေရန် ကူညီပံ့ပိုးပေးပြီး ထပ်တူညီနေမှုကို လျော့ချပေးခြင်း၊ အကျိုးသက်ရောက်မှုကို တိုးမြှင့်ရန်နှင့် ပေါင်းစပ်မှုကို မြှင့်တင်ရန် ပံ့ပိုးဆောင်ရွက်ခြင်း။ |

| နည်းဗျူဟာဦးတည်ချက်များ | ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| --- | --- |
| **ညှိနှိုင်းရေးယန္တရားများကို ပံ့ပိုးကူညီခြင်း။** | ၁၂.၃။ နေရာဒေသ သို့မဟုတ် ဆက်စပ်လမ်းကြောင်း (corridor) အဆင့်တွင် ညှိနှိုင်းပြီးဆုံးဖြတ်ချက်ချမှတ်နိုင်စေရန်နှင့် လေ့လာသင်ယူခဲ့ရသည့်အချက်များကို ထည့်သွင်းနိုင်စေရန် ပါဝင်ဆောင်ရွက်မှု စောင့်ကြည့်လေ့လာခြင်းနှင့် ညှိနှိုင်းဖြေရှင်းနိုင်စွမ်း စီမံခန့်ခွဲမှု မူဘောင်များအတွက် ပံ့ပိုးကူညီခြင်း။ |
| **၁၃။ ဒေသတွင်း အကောင်အထည်ဖော်ရေးအဖွဲ့ (Regional Implementation Team – RIT) မှတဆင့် ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို နည်းဗျူဟာကျသော ခေါင်းဆောင်မှုနှင့် ထိရောက်သော ညှိနှိုင်းမှုဖြင့် ပံ့ပိုးပေးခြင်း။** *[CEPF ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေး နယ်ပယ်]* | ၁၃.၁။ ဂေဟစနစ်အခြေအနေ(ecosystem profile) တွင် ဖော်ပြထားသည့် မျှဝေထိန်းသိမ်းခြင်း ပန်းတိုင်များရရှိစေရန် အဖွဲ့အစည်းဆိုင်ရာနှင့် နိုင်ငံရေးနယ်နိမိတ်များတစ်လျှောက် လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပူးပေါင်းမှုကို တည်ဆောက်ခြင်း။ |

**နည်းဗျူဟာ ဦးတည်ချက် ၁။ ကမ္ဘာပေါ် ရှိ မျိုးသုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များ၏ လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်မှုများ လျော့ချခြင်းနှင့် သဘာဝအခြေအနေတွင် ဦးရေတိုးပွားလာရေးအတွက် ပြန်လည်ထူထောင် ခြင်း။**

အင်ဒို-မြန်မာဒေသသည် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံနေရသောမျိုးစိတ်များ ထိန်းသိမ်းရေးအတွက် ကမ္ဘာပေါ်တွင် အရေးကြီးဆုံး ဇီဝဆိုင်ရာအရေးကြီးဒေသများထဲမှတစ်ခုဖြစ်သည်။ IUCN Red List အရ လက်ရှိတွင် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတွင် ကမ္ဘာတစ်ဝှမ်း ခြိမ်းခြောက်ခံနေရသော မျိုးစိတ်ပေါင်း ၂၂၀၂ မျိုးရှိပြီး ၎င်းတို့တွင် ဒေသရင်းမျိုးစိတ်များစွာပါဝင်သည်။ အင်ဒို-မြန်မာ ဒေသသည် အချို့သော မျိုးကွဲအုပ်စုများအတွက် (ဥပမာ လိပ်များ) အခြားသော ဇီဝဆိုင်ရာအရေးကြီးဒေသများထက် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံနေရသောမျိုးစိတ်များ ပိုမိုများပြားပါသည်။ ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာသဘောတူစာချုပ် (CBD) မှ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၏ ထိန်းသိမ်းရေးကို ဦးစားပေးအဖြစ် အသိအမှတ်ပြုထားပါသည်။ ဤအချက်အလက်ကို ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (Global Biodiversity Framework) ၏ Target ၄ အောက်တွင် ကိုင်တွယ်ဖြေရှင်းရန် ရည်မှန်းထားပြီး ၂၀၃၀ ခုနှစ်အထိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ ပျောက်ကွယ်မှုကို ရပ်တန့်နိုင်ရန်နှင့် ၂၀၅၀ ခုနှစ်တွင် မျိုးသုန်းပျောက်ကွယ်နိုင်ခြေကို ဆယ်ဆ လျှော့ချနိုင်စေရန်အပြင် ဒေသရင်း တောရိုင်းမျိုးစိတ်များ၏ အရေအတွက်ကို တိုးမြှင့်လာစေရန် ရည်ရွယ်ထားပါသည်။ ဤနည်းဗျူဟာ ဦးတည်ချက်သည် ဇီဝဆိုင်ရာအရေးကြီးဒေသ(Hotspot) တစ်ဝှမ်းရှိ အပြင်းထန်ဆုံးခြိမ်းခြောက်မှုများ၊ အထူးသဖြင့် ကုန်းတွင်းတိရစ္ဆာန်

များကို အမဲလိုက်ခြင်း (ဇီဝဆိုင်ရာအရေးကြီးဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများအတွက် အန္တရာယ်အဆင့်အမြင့်ဆုံးဖြစ်သည့် ခြိမ်းခြောက်မှု) နှင့် ရေနေမျိုးစိတ်များအား ဖမ်းဆီးခြင်းတို့ကို အဓိကထားဆောင်ရွက်သည်။

ဇီဝဆိုင်ရာအရေးကြီးဒေသများအတွင်း ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအတွက် အင်ဒို-မြန်မာ ဒေသသည် အရေးပါသော်လည်း မျိုးစိတ်များကို အဓိကထားထိန်းသိမ်းရေးတွင် အစိုးရများ၏ အာရုံစိုက်မှု အနည်းငယ်ကိုသာ ရရှိပါသည်။ နိုင်ငံတကာအလှူရှင်များစွာ (CEPF အပါအဝင်) သည် မျိုးစိတ်များကို အဓိကထားထိန်းသိမ်းရန်အတွက် သီးခြားငွေကြေးဖြည့်တင်းမှုများ ဖွင့်လှစ်ထားသော်လည်း အလုံးစုံထိန်းသိမ်း စောင့်ရှောက်ရေး ရင်းနှီးမြှုပ်နှံမှု၏ အချိုးအစားအနည်းငယ်ကိုသာ ရရှိသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းသည် အစိုးရများနှင့် အလှူရှင်အချို့၏ သဘာဝဂေဟစနစ်များ၏ ကိုယ်စားပြု ဥပမာများကို ထိန်းသိမ်းခြင်း၊ ဥပမာအားဖြင့် ကာကွယ်ထားသော သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေ (PCAs) များကို တည်ထောင်ခြင်းဖြင့် ထိုနေရာတွင် တွေ့ရှိရသော မျိုးစိတ်များ၏ ရှင်သန်နိုင်သောအရေအတွက်ကို ထိန်းသိမ်းရန် လုံလောက်လိမ့်မည်ဟူသော ယူဆချက်ကို ထင်ဟပ်စေသည်။ ၎င်းသည် မျိုးစိတ်များစွာအတွက် မှန်ကန်သော်လည်း သိသာထင်ရှားသော အရေအတွက်ရရှိနိုင်ရန် အထူးသဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထပ်လောင်းလုပ်ဆောင်မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

၂၀၂၅ခုနှစ်တွင် အင်ဒို-မြန်မာဇီဝဆိုင်ရာအရေးကြီးဒေသ၏ နိုင်ငံခြောက်နိုင်ငံရှိ ဆွေးနွေးပွဲများတွင် မျိုးစိတ်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း ထပ်မံအတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များစွာသည် အာရုံစူးစိုက် ဆောင်ရွက်မှုမရှိပါက ပြန်လည် ထိန်းသိမ်းနိုင်မည် မဟုတ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ဤနည်းဗျူဟာ ဦးတည်ချက်သည် အဓိကပြန်လည်ပြင်ဆင်ခြင်းတွင် ပြန်လည်နယ်ပယ်ထူထောင်ခြင်း (reintroductions)၊ စတင်ကာကွယ်ထိန်းသိမ်းမှု (head-starting)၊ ပြင်ပပတ်ဝန်းကျင် ဆက်သွယ်မှုများ (ex situ linkages) နှင့် ကျက်စားရာနေရာတိုးပွားစေခြင်း(habitat enhancement) အပါအဝင် တောရိုင်းတိရစ္ဆာန်အကောင်ရေများ ပြန်လည်ထိန်းသိမ်းရေးအပေါ် ပိုမိုကောင်းမွန်သော အာရုံစိုက်မှုတစ်ခုဖြစ်သည်။ ဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်နှင့် ကိုက်ညီစွာ ဤနည်းဗျူဟာ ဦးတည်ချက်သည် မျိုးစိတ်များ၏အပြုအမူ၊ ဂေဟဗေဒ၊ ဖြန့်ကျက်တည်ရှိမှု၊ နေထိုင်မှုလမ်းကြောင်းများနှင့် ၎င်းတို့ လျော့နည်းလာမှု၏ လူမှုစီးပွားဆိုင်ရာ တွန်းအားများနှင့်ပတ်သက်သော သိသာထင်ရှားသောကွာဟချက်များကို ဖြေရှင်းရန်၊ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက် ခံနေရသောမျိုးစိတ်များအကြောင်း အသိပညာတိုးတက်ရေးအပေါ် ပိုမိုအလေးပေးဆောင်ရွက်ပါသည်။ ဂေဟဗေဒ သုတေသနကို ပံ့ပိုးကူညီခြင်း၊ ရေရှည်စောင့်ကြည့်လေ့လာခြင်းနှင့် သိပ္ပံပညာ၊ ရိုးရာဂေဟဗေဒအသိပညာ (TEK) နှင့် ပြည်သူ့အသိသညာ (citizen science) တို့ကို ပေါင်းကူးပေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် CEPF သည် ဤအသိပညာကွာဟချက်ကို နီးစပ်စေပြီး ထိန်းသိမ်းရေးလုပ်ဆောင်မှုများသည် ခိုင်မာပြီး အထောက်အထားများအပေါ် အခြေခံထားကြောင်း သေချာစေမည်ဖြစ်သည်။

**နည်းဗျူဟာဦးတည်ချက် ၂။ One Health ကျန်းမာရေး မူဘောင်အတွင်း တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှု၊ ရေရှည်မတည်တံ့သော စားသုံးမှုနှင့် တောရိုင်းတိရစ္ဆာန်-မွေးမြူရေး-လူသား တို့၏ အပြန်အလှန် သက်ရောက်မှု အန္တရာယ်များကို ဖြေရှင်းခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုကို လျှော့ချခြင်း။**

H5N1 ကြက်ငှက်တုပ်ကွေး၊ အာဖရိကဝက်အပြင်းဖျားရောဂါနှင့် တိရစ္ဆာန်များမှ ကူးစက်သောရောဂါများ (ဥပမာ – lumpy skin disease, rabies, canine distemper) ကဲ့သို့သော ရောဂါပိုးများသည် တိရစ္ဆာန်များ

ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဆက်စပ်လျက်ရှိသော တိရစ္ဆာန်များဆိုင်ရာ အန္တရာယ်များကို အရေးကြီးဒေသအတွင်း ကောင်းစွာမှတ်တမ်း တင်ထားသည်။ ၂၀၂၅ ခုနှစ် ဆက်စပ်ပတ်သက်သူများဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများတွင် တောရိုင်းတိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် စားသုံးခြင်းသည် မျိုးစိတ်များကို တိုက်ရိုက်ခြိမ်းခြောက်မှု ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ ဤဖိအားများသည် ရေရှည်မတည်တံ့နိုင်သော စားသုံးမှု နှင့် တောရိုင်းတိရစ္ဆာန်-မွေးမြူရေး-လူသားတို့ အပြန်အလှန်ထိတွေ့မှုတွင် ဖြစ်ပေါ်လာသော ကူးစက်ပျံ့နှံ့နိုင်ခြေများ တိုးလာနေသည့် ပိုမိုကျယ်ပြန့်သော အခြေအနေအတွင်းတွင် ဖြစ်ပေါ်ပါသည်။ တရားဝင်နှင့် တရားမဝင် တောရိုင်းတိရစ္ဆာန် ထွက်ကုန်များအပေါ် ဝယ်လိုအားသည် အထူးသဖြင့် ဦးစားပေးမျိုးစိတ်များတွင် မျိုးစိတ်များကျဆင်းမှုကို ဆက်လက် ဖြစ်ပေါ်စေပြီး မြေအသုံးချမှုပြောင်းလဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများချဲ့ထွင်ခြင်းနှင့် လူ၊ မွေးမြူရေးလုပ်ငန်းနှင့် တောရိုင်း တိရစ္ဆာန်များအကြား နီးကပ်စွာထိတွေ့မှုတို့သည် တိရစ္ဆာန်မှကူးစက်တတ်သောရောဂါများ ပေါ်ပေါက်လာနိုင်ခြေကို မြင့်တက်စေပါသည်။ အပြည်ပြည်ဆိုင်ရာအစီအစဉ်များ (ဥပမာ – INL, DEFRA, EU) ရှိသော်လည်း ငွေကြေးပံ့ပိုးမှု များသည် အကြီးစား အစီအစဉ်အနည်းငယ်တွင် အာရုံစိုက်ထားပြီး အမျိုးသား One Health ကျန်းမာရေး မူဝါဒများ သို့မဟုတ် မလုံလောက်စွာ သုံးစွဲမှုဆိုင်ရာ ကြိုးပမ်းမှုများနှင့် ပေါင်းစည်းမှု မရှိသေးသော အခြေအနေများ ဖြစ်နေသည်။ နှစ်နိုင်ငံ ရန်ပုံငွေ လျှော့ချခြင်း၊ အကောင်အထည်ဖော်ရေးအတွက် ဘတ်ဂျက်ကန့်သတ်ချက်များ ရှိနေခြင်းနှင့် အမျိုးသားအဆင့်တွင် ဦးစားပေးမှု နည်းပါးခြင်းတို့ကြောင့် အင်ဒို–မြန်မာ ဒေသတစ်လျှောက် တုံ့ပြန်ဆောင်ရွက် နိုင်မှုများကို ပိုမိုကန့်သတ်စေပါသည်။

CEPF ၏ ၂၀၂၀ ရင်းနှီးမြှုပ်နှံမှု အထူးဦးစားပေးနယ်ပယ်ကို အခြေခံပြီး ၂၀၂၅ ခုနှစ် ညှိနှိုင်းဆွေးနွေးပွဲများအတွင်း ဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်များအပေါ်အခြေခံ၍ ဤမဟာဗျူဟာဦးတည်ချက်ကို One Health ကျန်းမာရေးမြင်ကွင်းဖြင့် ပြန်လည်ပုံဖော်ထားသည်။ ၎င်းသည် လူ၊ တိရစ္ဆာန်များနှင့် ဂေဟစနစ်များ၏ အပြန်အလှန် ဆက်နွယ်နေသောကျန်းမာရေးနှင့် အတူတကွ ဖြစ်ပေါ် နိုင်သည့် အန္တရာယ်များကို ဖြေရှင်းရန် ကဏ္ဍများအနှံ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည့် ပေါင်းစည်းထားသော နည်းလမ်းတစ်ခုဖြစ်သည်။ အဓိကအချက်မှာ ရောဂါကာကွယ်ခြင်းတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမှ  ကျက်စားရာနေရာယိုယွင်းပျက်စီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ လုံခြုံဘေးကင်းမှုမရှိသော တောရိုင်းတိရစ္ဆာန်များ ကိုင်တွယ်ခြင်းနှင့် ဒေသခံ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ (IPLCs) အတွက် အသက်မွေးဝမ်းကြောင်းရွေးချယ်စရာများ မရှိခြင်း ကဲ့သို့သော အခြေခံအကြောင်းရင်းများကို ဖြေရှင်းရန် အလေးပေးမှုပြောင်းလဲလာမှုကိုလည်း ထင်ဟပ်စေပါသည်။ ဤဖွဲ့စည်းမှုသည် တရားမဝင် တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုကို လျှော့ချခြင်း၊ ရေရှည်တည်တံ့သော စားသုံးမှုကိုမြှင့်တင်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်၊ မွေးမြူရေးနှင့် လူသားတို့အကြား အန္တရာယ်ရှိသော အပြုအမူများကို လျှော့ချခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများကို အကျိုးပြုရုံသာမက လူ့ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် အန္တရာယ်များကို လျှော့ပါးစေကြောင်း အသိအမှတ်ပြုပါသည်။ COVID-19 ကပ်ရောဂါသည် တောရိုင်းတိရစ္ဆာန်များမှ လူသားများထံ ကူးစက်ပျံ့နှံ့မှု၏ ကမ္ဘာလုံးဆိုင်ရာအန္တရာယ်များကို မီးမောင်းထိုးပြခဲ့ပြီး အထူးသဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝပြီး တိရစ္ဆာန်မှကူးစက်သောရောဂါများ ကူးစက်နိုင်ခြေမြင့်မားသော အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသကဲ့သို့သော ဒေသများတွင် ဖြစ်သည်။

**နည်းဗျူဟာ ဦးတည်ချက် ၃။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများအား  ပိုမိုကောင်းမွန်စေခြင်းနှင့် ၎င်းတို့၏ စီမံအုပ်ချုပ်မှုတွင်**

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် အရေးကြီးသောနယ်မြေများကို ထိန်းသိမ်းကာကွယ်ခြင်း။

အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတွင် ကာကွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်အဖြစ် ရှိနေဆဲဖြစ်သော်လည်း ၎င်းတို့၏ ထိရောက်မှုအားနည်းချက်များသည် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ ကာကွယ်ထားသောသဘာဝထိန်းသိမ်းရေး နယ်မြေဒေသများသည်လည်း ယေဘုယျအားဖြင့် အရင်းအမြစ်နည်းပါးပါသည်။ ၂၀၂၀ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကာကွယ်ထားသော သဘာဝထိန်းသိမ်းရေး နယ်မြေဒေသများသည် နှစ်နိုင်ငံအလှူရှင်များ/နှစ်ဖက်သဘောငွေကြေးပံ့ပိုးမှုမှ ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေ၏ ၁၃ ရာခိုင်နှုန်းခန့်ကို ရရှိခဲ့ပြီး အမျိုးသားဘတ်ဂျက်များသည် လုပ်ငန်းလည်ပတ်မှုစီမံခန့်ခွဲမှုထက် အခြေခံအဆောက်အအုံနှင့် လစာများကို အဓိကအာရုံစိုက်ထားသည်။ ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်းရှိ အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲ ဧရိယာ(KBA) များ၏ ၆၇ ရာခိုင်နှုန်းသည် အစိုးရအသိအမှတ်ပြု ကာကွယ်ထားသောသဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းပြင်ပတွင် ရှိနေသည်ကို ထည့်သွင်းစဥ်းစားပါက ထိန်းသိမ်းထားသည့် ဒေသများအပြင် အခြားထိန်းသိမ်းရေးနည်းလမ်းများကိုလည်း ကျယ်ပြန့်စွာ အသုံးပြုရန် လိုအပ်ပြီး တစ်ပြိုင်နက်တွင် ကာကွယ်ထိန်းသိမ်းထားသည့် ဒေသများ၏ စီမံခန့်ခွဲမှု ထိရောက်မှုကို တိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော အကြံပေး ဆွေးနွေးပွဲများက ကာကွယ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဧရိယာစီမံခန့်ခွဲမှု ထိရောက်မှုကို အားကောင်းစေခြင်းသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့ သော်လည်း အလှူရှင်များ၏ ပံ့ပိုးမှုသည် ကာကွယ်ထားသော ဧရိယာများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၊ ရပ်ရွာခြေပြုငါးထိန်းသိမ်းရေး၊ sacred groves နှင့် ဒေသခံအုပ်ချုပ်မှုအရ ထိန်းသိမ်းထားသောနေရာများ အစရှိသည့် အခြားထိရောက်သော ဧရိယာအခြေပြု ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံ (OECM) များသို့ ပံ့ပိုးမှုကို တိုးချဲ့ရမည်ဖြစ်ပြီး ၎င်းတို့တွင် အဆန်းသစ်ဆုံးနှင့် ခံနိုင်ရည်အရှိဆုံး မော်ဒယ်များစွာပါဝင်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO)၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတွင် တန်းတူညီမျှမှုနှင့် ပါဝင်ပတ်သက်မှုသည် အခြေအနေများကို ဖြစ်ပေါ်စေရုံသာမက ၎င်းတို့၏ကိုယ်ပိုင်ရလဒ်များကိုလည်း ဖြစ်ပေါ်စေ ကြောင်း ဆက်စပ်ပတ်သက်သူများက အလေးပေးပြောကြားခဲ့သည်။ CEPF သည် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO)များအား အစိုးရအာဏာပိုင်များ၊ အခွင့်အရေးပိုင်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် နည်းပညာ၊ ဘဏ္ဍာရေးနှင့် စွမ်းရည်ပံ့ပိုးမှုများကို ရေရှည်ပံ့ပိုးနိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ဆောင်ရွက်သည်ဟု ဆက်စပ်ပတ်သက်သူများက ယုံကြည်ကြသည်။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ကျေးရွာငါးထိန်းသိမ်းရေး ဇုန်များနှင့် ဗီယက်နမ်နိုင်ငံရှိ ရပ်ရွာစီမံခန့်ခွဲသော မျောက်မျိုးစိတ် နေရာ အစီအစဉ်များက ပြသခဲ့သည့်အတိုင်း ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်း ရပ်ရွာအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အစိုးရဦးဆောင်သော စနစ်များအတွက် ထိရောက်သောဖြည့်စွက်မှု သို့မဟုတ် အစားထိုးနည်းလမ်းတစ်ခုဖြစ်ကြောင်းနှင့် အောင်မြင်မှုရှိကြောင်း သက်သေပြခဲ့သည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲမှုထိရောက်မှုကို အားကောင်းစေခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ စီမံခန့်ခွဲမှုနှင့် ပါဝင်မှုကို မြှင့်တင်ခြင်းဖြင့်

အမဲလိုက်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ သီးနှံများနှင့် ငါးဖမ်းခြင်း အပါအဝင် ဒေသအခြေပြုရလဒ်များအပေါ် အဆင့်အမြင့်ဆုံး ခြိမ်းခြောက်မှုများစွာကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးလိမ့်မည်။

ဤနည်းဗျူဟာဦးတည်ချက်သည် ပိုမိုခိုင်မာသောအုပ်ချုပ်မှု၊ အားလုံးပါဝင်သော ပါဝင်မှုနှင့် အလုပ်အကိုင် စွမ်းဆောင်ရည်ကို အဓိကထား ဆောင်ရွက်မည် ဖြစ်သည်။ ၎င်းသည် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအား အဓိပ္ပာယ်ပြည့်စုံသော ပါဝင်ဆောင်ရွက်မှုကို လုပ်နိုင်စေရန် အားပေးပြီး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ (PCA) များအတွက် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို ကျင့်သုံးရန်၊ စစ်မှန်သော ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများမှ ဦးဆောင်သော အခြားထိရောက်သော ဧရိယာအခြေပြု ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံ (OECM) များကို ထိန်းသိမ်းခြင်းနှင့် အတည်ပြုထားသော သင်တန်းအစီအစဉ်များကို တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်နိုင်ရန် အားပေးမည်ဖြစ်သည်။

**နည်းဗျူဟာ ဦးတည်ချက် ၆။ ဦးစားပေးထိန်းသိမ်းရမည့် ဆက်စပ်လမ်းကြောင်းများတွင် ဖော်ဆောင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝအခြေပြု ဖြေရှင်းနည်းများ (NbS) ကို စနစ်တကျ ပေါင်းစပ်ထားသည့်နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။**

အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသတစ်လျှောက်တွင် ဂေဟစနစ်များ အစိတ်စိတ်အမွှာမွှာကွဲ၍ ဆက်စပ်မှု ပျောက်သွားခြင်းသည် သဘာဝပတ်ဝန်းကျင်ပုံမှန်လည်ပတ်နေမှုကို ယိုယွင်းလာစေပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးသုန်းရန် အန္တရာယ်ရှိနေသော မျိုးစိတ်များကို ခြိမ်းခြောက်နေရုံသာမက ရာသီဥတုဒဏ်ခံနိုင်ရည်ကို လျော့ကျစေပြီး ရေစီမံခန့်ခွဲမှု၊ ရေကြီးရေလျှံမှုလျော့ချရေးနှင့် မြေဆီလွှာတည်ငြိမ်မှုကဲ့သို့သော မရှိမဖြစ်လိုအပ်သော ဂေဟစနစ်ဝန်ဆောင်မှုများကို ထိခိုက်စေပါသည်။ ယခင်က ပြုလုပ်ခဲ့သည့် ထိန်းသိမ်းရေးရင်းနှီးမြှုပ်နှံမှုများသည် နေရာအခြေပြု ခြိမ်းခြောက်မှုများကို အဓိကထားခဲ့သော်လည်း ယိုယွင်းပျက်စီးမှုများကို အရှိန်မြှင့်တင်ပေးသည့် အကြောင်းရင်းများဖြစ်သည့် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်မှု၊ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု၊ ရေရှည်တည်တံ့မှုမရှိသော စိုက်ပျိုးရေး စနစ်များ နှင့် မြေယာအသုံးပြုမှု အုပ်ချုပ်ရေးစနစ် အားနည်းခြင်းစသည်တို့ကို သတိမမူမိခဲ့ကြပါ။ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ခဲ့သော အကြံပြုဆွေးနွေးပွဲများတွင် ဆည်တည်ဆောက်ခြင်းများ၊ ရေသွင်းခြင်းစနစ်များ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမြေချဲ့ထွင်မှုများ စသည့် ကြီးမားသောဖိအားများကို ဇီဝမျိုးစုံမျိုးကွဲများ အပေါ် သက်ရောက်နေသော ခြိမ်းခြောက်မှုများအဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ဆက်စပ်ပတ်သတ်သူများသည် အထက်ပါ အကြောင်းရင်းများအား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature-based Solutions – NbS)အား ပေါင်းစပ်ဖော်ဆောင်နိုင်ရန်အတွက် ကနဦးအစီအစဉ်များနှင့် မူဝါဒများချမှတ်ရာတွင် အစပြုဝင်ရောက်နိုင်သည့် အချက်အလက်များအဖြစ် အသုံးချနိုင်ကြောင်း အလေးထား ဆွေးနွေးခဲ့ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုအကဲဖြတ်ခြင်း (EIA)၊ နေရာအခြေပြု အစီအစဉ်ရေးဆွဲခြင်း (spatial planning)၊ စွမ်းဆောင်ရည်စံနှုန်းများနှင့် ဆုံးဖြတ်ချက်ချမှုများတွင် အားလုံးပါဝင်နိုင်စေခြင်း စသည့် ရေရှည်တည်တံ့သော အစားထိုးနည်းလမ်းများ အသုံးချခြင်းကို မြှင့်တင်ခြင်းဖြင့် ဤလုပ်ငန်းစဉ်များကို ပုံဖော်ရေးဆွဲရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများနှင့် သဘာဝအခြေပြုဖြေရှင်းနည်းများကို မူဝါဒမူဘောင်များ၊ ဆက်စပ်လမ်းကြောင်းများအဆင့် အစီအစဉ်ရေးဆွဲမှုများနှင့် ဖွံ့ဖြိုးရေး နည်းဗျူဟာများတွင် ထည့်သွင်းပေါင်းစည်းခြင်းအားဖြင့် ဂေဟစနစ်များ

ချိတ်ဆက်မှု၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ဤနည်းဗျူဟာ ဦးတည်ချက်သည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင် ရည်မှန်းချက် ၁ ၏ နေရာအခြေပြုပေါင်းစပ် အစီအစဉ်ရေးဆွဲခြင်း နှင့်ကိုက်ညီသည့်အပြင် အမျိုးသားနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် ထည့်သွင်းရန် ဇီဝမျိုးစုံမျိုးကွဲများကို အဓိကထားရန် ရည်ရွယ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ၁၅ နှင့်လည်း ကိုက်ညီပါသည်။ ၂၀၂၅ခုနှစ်တွင် ဆက်စပ်ပတ်သတ်သူများက သရုပ်ပြခြင်းမှ အကောင်အထည်ဖော်ခြင်း အဆင့်သို့ ပြောင်းလဲရန်တောင်းဆိုခဲ့ကြပြီး အထူးသဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေး ရလဒ်များနှင့်ကိုက်ညီစေရန် ညှိနှိုင်းပေါင်းစည်းနိုင်သည့် သဘာဝအခြေပြု ဖြေရှင်းနည်းများ (NbS)ကို အသုံးချသည့်ပုံစံများ ဖြစ်သည်။ ဤဦးတည်ချက်အောက်တွင် ပံ့ပိုးပေးမည့် စီမံကိန်းများသည် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အစိုးရ သို့ ပုဂ္ဂလိက ကဏ္ဍများမှ ပြန်လည်အသုံးချနိုင်မှု သို့ မူဝါဒများ လက်ခံကျင့်သုံးနိုင်မှုရှိမည့် အလားအလာများကို ရှင်းလင်းစွာ ဖော်ပြထားပေးရမည်။ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးတို့တွင် ကဏ္ဍအလိုက် ဖြစ်ပေါ်သည့် သက်ရောက်မှုများကို ဖြေရှင်းနိုင်ခြင်း၊ အားလုံးပါဝင်သော လုပ်ငန်းစဉ်များကို မြှင့်တင်ပေးခြင်းနှင့် လျှော့ပါးသက်သာစေရေးအဆင့်(mitigation hierarchy) ကဲ့သို့သော ကာကွယ်ရေးအခြေခံမူများကို အသုံးချသည့် နည်းလမ်းများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။

**နည်းဗျူဟာ ဦးတည်ချက် ၉။ ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်၊ ဒေသန္တရအဆင့်နှင့် အခြေခံအဆင့်များတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသခံပြည်သူများနှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ဆောင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တည်ထောင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးကူညီပေးခြင်း။**

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs)သည်  မိတ်ဖက်အဖွဲ့အစည်းများကို စုစည်းညှိနှိုင်းပေးခြင်း၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပံ့ပိုးပေးခြင်း၊ ရန်ပုံငွေများ စုဆောင်းချိတ်ဆက်ပေးခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲများကို လက်လှမ်းမီနိုင်စေခြင်း စသည်တို့တွင် အရေးပါသော အခန်းကဏ္ဍများမှ ဆက်လက်ပါဝင် နေသော်လည်း ဒေသန္တရအဆင့်တွင် ၎င်းတို့၏ တရားဝင်မှုသည် အကန့်အသတ်ရှိနေနိုင်ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ (IPLCs)ထံမှ ယုံကြည်မှုရရှိခြင်း၊  ဒေသအခြေအနေကို ထဲထဲဝင်ဝင်သိရှိခြင်း၊ အောက်ခြေမှစ၍ မူဝါဒအပြောင်းအလဲများကို သက်ရောက်မှု ဖြစ်စေနိုင်သော အရည်အသွေးများရှိပါသည်။ ထို့ကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်အောင်မြင်မှုအတွက် အမျိုးသားအဆင့်နှင့် အခြေခံအဆင့်ရှိ အဖွဲ့အစည်းများသို့လွှဲပြောင်းပေးပြီး  INGOs များအနေဖြင့် အဓိကဖော်ဆောင်သူများမဟုတ်ပဲ ပံ့ပိုးကူညီသူနှင့် လမ်းညွှန်ပေးသူများအဖြစ် နေရာယူထားကြပါသည်။

၂၀၂၅ခုနှစ်တွင် အင်ဒို-မြန်မာနိုင်ငံ ခြောက်နိုင်ငံလုံး၏ ဆွေးနွေးတိုင်ပင်မှုများအရ ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအခြေပြု (IPLC) နှင့် ကိုယ်စားပြုမှုနည်းပါးသော အုပ်စုများအတွက် ရှိပြီးသား ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးခြင်းနှင့် အဖွဲ့အစည်းသစ်များ စတင်တည်ထောင်ရန် ပံ့ပိုးပေးခြင်းသည် ရေရှည်အောင်မြင်သော ရလာဒ်များရရှိရန် အဓိကကျကြောင်း အလေးထားဖော်ပြခဲ့ကြသည်။ လိုအပ်ချက်များတွင် နည်းပညာသင်တန်းများအပြင် အဖွဲ့အစည်းအုပ်ချုပ်မှု၊

ငွေကြေးစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေး စွမ်းရည်များလည်း ထည့်သွင်းရန် လိုအပ်နေကြောင်း ဖော်ပြလျှက်ရှိသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် အသိအမှတ်ပြုမှုတိုးပွားလာသော်လည်း ၎င်းတို့တွင် ရင်းနှီးမြှုပ်နှံမှုမှာ အကန့်အသတ်ရှိနေဆဲပင်ဖြစ်သည်။ ၂၀၂၀ ခုနှစ်မှစ၍ စွမ်းရည်မြှင့်တင်ရေးအတွက် ရန်ပုံငွေပံ့ပိုးမှုသည် နှစ်ဆကျော် တိုးမြင့်လာခဲ့သော်လည်း ၎င်းသည် ဇီဝဆိုင်ရာ အရေးကြီးဒေသအတွင်းရှိ ထိန်းသိမ်းရေးလုပ်ငန်းများထဲတွင် ပံ့ပိုးမှုအနည်းဆုံး ရရှိနေသည့် လုပ်ငန်းထဲတွင်ပါဝင်နေဆဲဖြစ်ပြီး ရေရှည်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့် ပံ့ပိုးကူညီမှုများမှာလည်း အကန့်အသတ်ရှိနေဆဲ ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှလွဲ၍ အစိုးရအများစုသည် အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် ရန်ပုံငွေ အနည်းငယ်သာထောက်ပံ့ပေးမှု သို့မဟုတ် လုံးဝထောက်ပံ့မှု မရှိဘဲ ရေရှည်အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ပေးနိုင်သော ယန္တရား အနည်းငယ်သာရှိပါသည်။

ဤနည်းဗျူဟာ ဦးတည်ချက်သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပစ်မှတ်ထားကာ တန်းတူညီမျှမှုရှိပြီး ရေရှည်တည်တံ့သောရင်းနှီးမြှုပ်နှံမှုများကို အလေးပေးထားပါသည်။ ယင်းသည် ကာလတို သင်တန်းပေးခြင်းများသာမက အုပ်ချုပ်မှုစနစ်နှင့် ငွေကြေးတည်တံ့နိုင်မှုဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည် ထောက်ပံ့ကူညီမှုများပေးရန် ဦးတည်ထားပါသည်။ CEPFသည် လုံလောက်စွာ မထောက်ပံ့ရသေးသော ဒေသများ၊ ပါဝင်ခွင့်ရှိရန် အတားအဆီးများရှိနေသော ဒေသခံများပြည်သူများ ဦးဆောင်နေသော အုပ်စုများ၊ အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများဦးဆောင်သော အဖွဲ့အစည်းများကို ဦးစားပေးသွားမည်ဖြစ်သည်။ စီမံကိန်းအားလုံးတို့သည် စီမံကိန်းဒီဇိုင်းနှင့်အကောင်အထည်ဖော်ရာတွင် ကျား၊ မ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်  အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများတွင် သာတူညီမျှစွာ လက်လှမ်းမှီနိုင်စေရန် နည်းဗျူဟာများကို ထည့်သွင်းပြသရမည်ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားကောင်းလာစေမည့် CEPF၏ အထူးဦးစားပေးနယ်ပယ်နှင့် ကိုက်ညီစွာ ဤနည်းဗျူဟာ ဦးတည်ချက်သည် ယုံကြည်ရသော၊ ခိုင်မာတည်တံ့သော၊ ချဲ့ထွင်အသုံးချနိုင်သော ဒေသတွင်း ဦးဆောင်ဖြေရှင်းမှုများအတွက် ဒေသဆိုင်ရာလိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်းပေးပါသည်။

**နည်းဗျူဟာ ဦးတည်ချက် ၁၃။ ဒေသတွင်း အကောင်အထည်ဖော်ရေးအဖွဲ့ (Regional Implementation Team – RIT) မှတဆင့် ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို နည်းဗျူဟာကျသော ခေါင်းဆောင်မှုနှင့် ထိရောက်သော ညှိနှိုင်းမှုဖြင့် ပံ့ပိုးပေးခြင်း။**

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် ဇီဝဆိုင်ရာ အရေးကြီးဒေသ (biodiversity hotspot) တိုင်းတွင် CEPF သည် ဒေသတွင်း အကောင်အထည်ဖော်ရေးအဖွဲ့ (RIT) အား ဂေဟစနစ်အခြေအနေကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ဦးဆောင်သည့် လုပ်ဆောင်ချက်များနှင့်ပေါင်းစပ်ထားသော အကျိုးသက်ရောက်မှုအဖြစ် ပြောင်းလဲရန် တာဝန်ပေးသည်။ ဒေသတွင်း အကောင်အထည်ဖော်ရေးအဖွဲ့ (RIT) သည် ရန်ပုံငွေပေးအပ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာ ဗဟုသုတစီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံညှိနှိုင်းဆောင်ရွက်မှုများတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကာ ရင်းနှီးမြှုပ်နှံမှုများကို နည်းဗျူဟာကျကျနှင့် ကုန်ကျစရိတ်သက်သာစေပြီး ဒေသဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်ပတ်သတ်သူများ၏ ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီမှုရှိရန် သေချာစေသည်။

၂၀၂၆ခုနှစ်မှ၂၀၃၀ခုနှစ် ကာလအတွက် အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသ၌ ဒေသတွင်း အကောင်အထည်ဖော်ရေး အဖွဲ့ (RIT) တွင်  လုပ်ငန်းဆောင်ရွက်မှုအားကောင်းပြီး အရည်အချင်းပြည့်မီသော

အရပ်ဘက် လူမှုအဖွဲ့အစည်း တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်မည်ဖြစ်ပြီး CEPF ၏ရည်မှန်းချက်၊ လုပ်ငန်းဆောင်ရွက်မှုလက်စွဲ နှင့် ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ တာဝန်ယူမှု တာဝန်ခံမှု စည်းမျဉ်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ CEPF၏ မူဝါဒနှင့်အညီ ဒေသတွင်းအကောင်အထည်ဖော်ရေးအဖွဲ့ (RIT) အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် ထိုဇီဝဆိုင်ရာအရေးကြီးဒေသအတွင်း ရန်ပုံငွေလျှောက်ထားရန် အကျုံးမဝင်ပါ။ သို့သော် လွတ်လပ်စွာ လုပ်ဆောင် နိုင်သည့် သီးခြားအုပ်ချုပ်မှုစနစ်ရှိသော အဖွဲ့အစည်းများကို ပြင်ပသုံးသပ်ချက်နှင့် သင့်လျော်သောစစ်ဆေးမှု (due diligence) အရ ထည့်သွင်းစဉ်းစားနိုင်ပါသည်။

၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဆက်စပ်ပတ်သက်သူများနှင့် အကြံပြုဆွေးနွေးချက်များအရ အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း၊ ကိုယ်စားပြုမှုနည်းပါးသော ရန်ပုံငွေရရှိသူများကို ပံ့ပိုးပေးခြင်းနှင့် နိုင်ငံအချင်းချင်းနှင့် ကဏ္ဍအမျိုးမျိုးအကြား အသိပညာ ဖလှယ်ရေးကို လှုံ့ဆော်ပေးခြင်းတို့တွင် ဒေသတွင်း အကောင်အထည်ဖော်ရေးအဖွဲ့ (RIT)၏ မရှိမဖြစ် အခန်းကဏ္ဍကို ထပ်မံအတည်ပြုခဲ့ပါသည်။ ဒေသအခြေပြုတည်ရှိမှုကို ထိန်းသိမ်းထားရန်နှင့် အမျိုးသားအဆင့် ထိန်းသိမ်းရေး ဦးစားပေးချက်များနှင့် အနီးစပ်ဆုံး ကိုက်ညီမှုရှိစေရန် ခိုင်မာသော ပံ့ပိုးမှုများရှိခဲ့ပါသည်။ ထို့ကြောင့် ဒေသတွင်းအကောင်အထည်ဖော်ရေးအဖွဲ့ (RIT)သည် အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့်တွင် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရန် ထပ်ဆောင်းတာဝန်များ ပါဝင်ပြီး ယင်းသည် အစိုးရနှင့် အလှူရှင်များ၏ ဦးစားပေးမှုများနှင့် ဆက်စပ်မှုကို ခိုင်မာစေပါသည်။

CEPF အကောင်အထည်ဖော်လုပ်ငန်းများတွင် အရေးပါသော အဖွဲ့အစည်းဆိုင်ရာယန္တရားတစ်ခုအနေဖြင့် ဒေသတွင်းအကောင်အထည်ဖော်ရေးအဖွဲ့ (RIT) သည် ရင်းနှီးမြှုပ်နှံမှုများကို နည်းဗျူဟာကျကျ ပစ်မှတ်ထားပြီး ထိရောက်စွာ စီမံခန့်ခွဲရန်နှင့် ပေါ်ပေါက်လာသော အခက်အခဲနှင့်အခွင့်အလမ်းများကို သေချာစွာတုံ့ပြန်နိုင်စေခြင်းဖြင့် အင်ဒို-မြန်မာ ဇီဝဆိုင်ရာ အရေးကြီးဒေသရှိ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်အကျိုးသက်ရောက်မှုများကို အမြင့်ဆုံးထိ မြင့်တက်စေမည် ဖြစ်ပါသည်။

## နိဂုံးချုပ်

အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသသည်  ကမ္ဘာပေါ်တွင် ဇီဝဗေဒအရ အရေးပါသောဒေသများထဲမှ တစ်ခုဖြစ်ပြီး မျိုးစိတ်များစုံလင်ပေါကြွယ်ဝကာ ဒေသရင်းမျိုးစိတ်များလည်း ထူးခြားစွာ ရှိနေပါသည်။ အဆိုပါဒေသအတွက် ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုများသည် မကြာသေးမီနှစ်များအတွင်း သိသာစွာ တိုးတက်လာခဲ့ပြီး အမျိုးသားအဆင့် ကတိကဝတ်များ အားကောင်းလာခြင်းဖြင့် ရေရှည်တည်တံ့သော နိုင်ငံတကာ ပံ့ပိုးမှု ဆက်လက်ရရှိနေခြင်းကို ထင်ဟပ်စေပါသည်။ ၂၀၂၀နှင့်၂၀၂၄ခုနှစ်များအတွင်း အင်ဒို-မြန်မာ ဇီဝဆိုင်ရာအရေးကြီးဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၅.၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းပမာဏသည် ၂၀၁၅ခုနှစ်နှင့်၂၀၁၉ခုနှစ် ကာလနှင့် နှိုင်းယှဉ်ပါက ၆၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံအစိုးရများမှ ပံ့ပိုးပေးထားပြီး ၂၀ ရာခိုင်နှုန်းကို အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးထားပါသည်။

ဤကဲ့သို့ တိုးတက်မှုများရှိသော်လည်း ဇီဝမျိုးစုံမျိုးကွဲများသည် ပိုမိုပြင်းထန်လာသော ခြိမ်းခြောက်မှုများနှင့် ဆက်လက် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ဆည်တည်ဆောက်ခြင်းနှင့်ရေစီမံခန့်ခွဲခြင်း၊ စိုက်ပျိုးရေးများတိုးချဲ့လုပ်ကိုင်ခြင်း၊ ငါးဖမ်းလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲခြင်းတို့မှ ကြီးထွားလာသော သက်ရောက်မှုများနှင့်အတူ အမဲလိုက်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းများသည် မျိုးစိတ်များနှင့် ဂေဟအခြေပြု

ထိန်းသိမ်းရေးရလဒ်များအပေါ် အကြီးမားဆုံး ဖိအားများအဖြစ် တည်ရှိနေဆဲဖြစ်သည်။ အရေးပေါ်လုပ်ဆောင်မှုများမရှိပါက ဂေဟစနစ်များယိုယွင်းပျက်စီးမှုကို ဆက်လက်ဖြစ်ပေါ်စေပြီး ဂေဟစနစ်ဝန်ဆောင်မှုများကို ထိခိုက်ပျက်စီးစေကာ မျိုးစိတ်များ မျိုးသုန်းမှုကို အရှိန်မြင့်စေပြီး ရာသီဥတုနှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအပေါ် ထိခိုက်လွယ်မှု တိုးမြင့်စေမည်ဖြစ်သည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ထိုခြိမ်းခြောက်မှုများနှင့် ၎င်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန် ကောင်းမွန်သော အနေအထားတွင် ရှိသော်လည်း လက်ရှိ ရင်းနှီးမြှုပ်နှံမှုများသည် အရေးအကြီးဆုံး ဦးတည်ချက်များကို အမြဲမရောက်ရှိစေသလို အကျိုးသက်ရောက်မှုအရှိဆုံးနှင့် ချဲ့ထွင်အသုံးချနိုင်သော နည်းလမ်းများ ကိုလည်း မြှင့်တင်ပေးနိုင်ခြင်းမရှိသေးပါ။ ဤကွာဟချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ထားသော အင်ဒို–မြန်မာ ဂေဟစနစ်အခြေအနေသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ခုနှစ် အတွက် အကောင်အထည်ဖော်မည့် ရလဒ်အခြေပြု ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာကို အထောက်အပံ့ပေးပါသည်။ ထိုနည်းဗျူဟာတွင် နည်းဗျူဟာဦးတည်ချက် ၁၃ ခုနှင့် ဦးစားပေး ရင်းနှီးမြှုပ်နှံမှု ၅၂ ခုကိုဖော်ပြထားပြီး ၎င်းထဲမှ မြန်မာနိုင်ငံရှိ အဓိကအရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲ ဧရိယာ ထုံးကျောက်ဂူကွန်ရက်များအပါအဝင် အဓိက ဆက်စပ်လမ်းကြောင်း (corridors) ငါးခုတစ်လျှောက် (ဟာလာဘာလာ သစ်တောများ၊ မဲခေါင်မြစ်နှင့် အဓိက မြစ်လက်တက်များ၊ မြောက်ပိုင်း ရာသီအလိုက် ရေလွှမ်းမိုးသော သစ်တောများ၊ တရုတ်–ဗီယက်နမ် ထုံးကျောက်တောင်များ၊ Tonle Sap ကန်နှင့် ရေလွှမ်းမိုးဒေသများ)တွင် CEPFမှ အဓိကထားလုပ်ဆောင်မည့် နည်းဗျူဟာဦးတည်ချက် ၆ ခုနှင့် ဦးစားပေး ရင်းနှီးမြှုပ်နှံမှု ၁၇ခုကိုလည်း ဖော်ပြထားသည်။ CEPF သည် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော ဦးစားပေးမျိုးစိတ် ၂၃၉ မျိုးကိုလည်း ပစ်မှတ်ထားလုပ်ဆောင်သွားမည် ဖြစ်သည်။ ဤနည်းဗျူဟာအသစ်သည် ရည်ရွယ်ချက်မြင့်မားပြီး လက်တွေ့ကျသော အခွင့်အလမ်းအဖြစ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆန်းသစ်တီထွင်နိုင်စွမ်း၊ စွမ်းအင်နှင့် လက်လှမ်းမှီနိုင်စွမ်းတို့ကို အသုံးချကာ အင်ဒို-မြန်မာဒေသ၏ ထူးခြားပြီး အစားထိုးမရနိုင်သော ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ထားပါသည်။